ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ သောကြာနေ့။ Friday, 18 June 2021 ၁၀၄၀၈

# ကျေးလက်စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကသမဝါယမလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းများကို တစ်ဖက်မှ မြှင့်တင်ပေးသွားမည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၉/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး(၉/၂၀၂၁)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကြေးမုံ ယနေ့ ဖတ်စရာ

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(ထိုင်းနိုင်ငံ) စာမျက်နှာ » ၆

ကိုဗစ်-၁၉ အန္တရာယ် ပူးပေါင်းကာကွယ် စာမျက်နှာ » ၁၀



ကျန်းမာဘဝ လှပဖို့ ဆေးလိပ်ဖြတ်ကြပါစို့ စာမျက်နှာ » ၁၉



ကြေးမုံ

# မကောင်းမှုကိုရှောင်ရှား ဝိုင်းဝန်းတားဆီးကာကွယ်

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားသောနိုင်ငံ ဖြစ်သည်။ မြန်မာနိုင်ငံတွင် မိမိနှစ်သက်ရာ ဘာသာတရားကို လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ရှိသည်။ မြန်မာနိုင်ငံရှိ ဘာသာတရားများတွင် ရှေးအစဉ်အလာအားဖြင့် ဗုဒ္ဓဘာသာကို ဆည်းကပ်ကိုးကွယ်လာကြသောကြောင့် ပြည်သူအများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သည်။ မြန်မာနိုင်ငံသည် ဘာသာတရား၏ အဆုံးအမများကို လေးစားလိုက်နာကြသောကြောင့် ယဉ်ကျေးမှုအစဉ်အလာကြီးမားသောနိုင်ငံ ဖြစ်သည်။

အစဉ်အလာအားဖြင့် လူကြီးသူမများသည် ဘာသာတရားကို အစဉ်အလေးထားလိုက်နာကျင့်သုံးလာခဲ့သော်လည်း ယနေ့မြန်မာလူငယ်များစွာတို့သည် အမည်ခံ မိရိုးဖလာဗုဒ္ဓဘာသာဝင်များ ဖြစ်လာသည်။ ဘာသာနှင့် ကျင့်ဝတ်တရားများကို သိနားလည်မှု ပါးလျားလာကြသည်။ မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒများနှင့် ကြီးပွားချမ်းသာကြောင်း မင်္ဂလာတရားများကို လိုက်နာကျင့်ကြံရကောင်းမှန်း မသိကြတော့ပေ။ မာန်မာနကို ချိုးနှိမ်၍ မိဘဆရာသမားနှင့် လူကြီးသူမများအား ရိုသေလေးစားရမည်ဟူသော ဂါရဝတရားကိုလည်း အလေးမထားကြတော့ပေ။ "ဩကာသ" ကန်တော့ချိုးကိုပင် ဖြောင့်တန်းစွာ မရွတ်ဆိုနိုင်တော့ပေ။

အကျိုးဆက်မှာ လူကြီးသူမ၊ ဆရာသမား၊ မိဘများကို ရိုသေလေးစားခြင်းမရှိရုံသာမက ပြစ်မှားစော်ကားရန်ပင် ဝန်မလေးတော့သည့်အဖြစ်အပျက်အချို့ကို မြင်တွေ့လာရသည်။ မြန်မာတို့၏ ယဉ်ကျေးမှုအနှစ်သာရဖြစ်သော ဗုဒ္ဓဘာသာတရားများကို မသိနားမလည်သောအခါ ရေခြားမြေခြားမှ ဘာသာခြားတို့၏ ဝတ်စားဆင်ယင်မှု၊ မြန်မာတို့နှင့်မဆီလျော်သည့် ယဉ်ကျေးမှုဓလေ့စရိုက်များ အလွယ်တကူ ကူးစက်လာခဲ့သည်။ ဟီရိဩတ္တပ္ပ ကင်းမဲ့သော အပြုအမူဓလေ့စရိုက်များကို အထင်ကြီးလာကြသည်။ အတုယူ၍ ပြုမူလုပ်ကိုင်လာကြသည်။ အဆုံးတွင် မကောင်းမှုဒုစရိုက်များကို ပြုလုပ်ရန်ပင် ဝန်မလေးတော့ပေ။

အထူးသဖြင့် ဟီရိဩတ္တပ္ပ အထိန်းအကွပ်မရှိသော နိုင်ငံရပ်ခြား ယဉ်ကျေးမှုဓလေ့စရိုက်များကို အခြေခံ၍ တဏှာရာဂနှင့် မောဟအမိုက်မှောင်ကို တိုးပွားစေသော ယဉ်ကျေးမှုဓလေ့စရိုက်နှင့် အမူအကျင့်ဆိုးတို့သည် မင်္ဂလာတရားများကို ကျော်ခိုင်းကာ မကောင်းမှုဒုစရိုက်တို့ကို တိုးပွားစေကြသည်။ ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ငြိမ်းအေးစွာနေလိုကြသော ပြည်သူအပေါင်းတို့အား ကိုယ်စိတ်နှစ်ပါးကို အနှောင့်အယှက်ဖြစ်စေရသည်။ ဤအမူအကျင့်ဆိုးတို့သည် မကောင်းမှုဘက်သို့ အားကောင်းစေပြီး အကုသိုလ်ကံများဖြစ်ပွားကာ အပါယ်လေးပါးသို့ပင် ရောက်ရှိစေနိုင်သည်ကို သတိမမူမိတော့ပေ။ ယဉ်ကျေးသောအသိတရားများနှင့် ဝေးကွာစေခဲ့သည်။

အမှန်အားဖြင့် မိဘတို့သည် မိမိတို့သားသမီးများအား 'ဆင်စီး၍ မြင်းရံသည်' ကို ရှုမြင်လိုကြသည်။ 'ဆင်နင်း၍ မြင်းကန်သည်'ကို မလိုလားကြပေ။ ထိုထက်ပို၍ အပါယ်လေးပါးသို့ ကျရောက်မည်ကို အဘယ်မှာလျှင် အလိုရှိကြပါအံ့နည်း။ ကိုယ်ချင်းစာ မေတ္တာဖြပ်ဟမ္မစိုရ်တရား ခန်းခြောက်၍ မြန်မာ့ယဉ်ကျေးမှု ဆိတ်သုဉ်းသော ရေခြားမြေခြား၌ အကြောင်းအားလျော်စွာ သွားရောက်နေထိုင်ကြရသော မြန်မာမိသားစုများသည် ဗုဒ္ဓဘာသာနှင့် မြန်မာ့ယဉ်ကျေးမှုတန်ဖိုးကို ပိုမိုသဘောပေါက် နားလည်ကြသည်။ ရေခံမြေခံကောင်းခဲ့သော မြန်မာ့မြေ၊ မြန်မာ့ဓလေ့စရိုက်များကို ပိုမိုသတိရတောင့်တကြသည်။

ကံနှင့် ကံ၏အကျိုးတို့ကို ဖော်ဆောင်ထားသော ကမ္မနိယာမသည် အလွန်ဆန်းကြယ်လှသည်။ တစ်စုံတစ်ယောက်သော တန်ခိုးရှင်၏အမိန့်အရ ခံရစံရခြင်း မဟုတ်ပေ။ နိယာမတရား၊ သဘာဝတရားသာဖြစ်သည်။ မိမိ၏အမှုကို မိမိ တာဝန်ယူရခြင်းသာဖြစ်သည်။ ဥပမာအားဖြင့် သူတစ်ပါးကို စိတ်ဆင်းရဲအောင်၊ ထိခိုက်နစ်နာအောင်၊ အကုသိုလ်တိုးပွားအောင် ပြုလုပ်သူသည် မျက်မှောက်ဘဝနှင့် တမလွန်ဘဝတို့၌ မကောင်းကျိုးဆင်းရဲကို မုချခံစားရမည်ဖြစ်သည်။ သူတစ်ပါးတို့အား စိတ်ချမ်းသာအောင်၊ အကျိုးရှိအောင်၊ ကုသိုလ်တိုးပွားအောင် ရွက်ဆောင်ပေးသူသည် ယခုဘဝနှင့် တမလွန်ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ဧကန်အမှန်ပင် ခံစားကြရမည်မှာ သေချာသည်။

အခြားသူတစ်ပါးနှင့် အများပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ထိခိုက်နစ်နာစေခြင်း၊ သူတစ်ပါးတို့အပေါ်၌ မှားယွင်းစွာပြုကျင့်ခြင်း၊ အကုသိုလ်အမှုများပြုလုပ်ခြင်းစသည့် ဥပဒေနှင့်မလွတ်ကင်းသည့် ဒုစရိုက်အမှုများသည် မိမိတို့အတွက် လက်ငင်းအကျိုးယုတ်စေသကဲ့သို့ အများပြည်သူ အေးချမ်းသာယာမှုကို ပျက်ပြားစေပြီး နိုင်ငံတော်၏ အကျိုးကိုပါ ဆုတ်ယုတ်စေသည်။ ထို့ကြောင့် နိုင်ငံတော်တစ်ဝန်းလုံး၊ ပြည်သူလူထုအားလုံး ငြိမ်းချမ်းသာယာခြင်းကို ဆောင်ကြဉ်းနိုင်ရန်အတွက် ဘာသာတရား၏အဆုံးအမ၊ ယဉ်ကျေးမှုဓလေ့စရိုက်နှင့်အညီ နေထိုင်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုကြီး တည်တံ့သာယာဝပြောရေးကို အလိုရှိကြသော ပြည်သူအပေါင်းတို့သည် မကောင်းမှုများကို ရှောင်ရှား၍ မင်းမဲ့စရိုက်များကို ဝိုင်းဝန်းတားဆီးကာကွယ်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်အတွက်မှ စတင်၍ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုချီးမြှင့်ငွေများ တိုးမြှင့် ချီးမြှင့်သွားမည်

**နေပြည်တော် ဇွန် ၁၇**

နိုင်ငံတော်က မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေပညာရှင်ကြီးများအား အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု (ဘာသာရပ် ၁၈ မျိုး)နှင့် စာပေဗိမာန်စာမူဆု (ဘာသာရပ် ၁၄ မျိုး)တို့ကို နှစ်စဉ် ချီးမြှင့်လျက်ရှိသည်။

### တိုးမြှင့်ပြင်ဆင်ချီးမြှင့်ပေးသွားမည်

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးချီးမြှင့်ရာ ရောက်စေရန်၊ စာပေပညာရှင်များအား ဂုဏ်ပြုရာရောက်စေရန်၊ စာကောင်းပေမွန်များ ထွန်းကားပြန့်ပွားစေရန် စသည့် အကျိုးကျေးဇူးများရရှိနိုင်ရန် ၂၀၂၀ ပြည့်နှစ်အတွက်မှ စတင်၍ အမျိုးသားစာပေတစ်သက်တာဆုကို ငွေကျပ်သိန်း ၁၀၀၊ အမျိုးသားစာပေဆုကို ငွေကျပ်သိန်း ၃၀၊ စာပေဗိမာန်စာမူဆု ပထမဆုကို ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုကို ငွေကျပ် ၁၀ သိန်း၊ တတိယဆုကို ငွေကျပ် ခုနစ်သိန်း တိုးမြှင့်ပြင်ဆင်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ၃၀-၆-၂၀၂၁ ရက်နေ့အထိ တိုးမြှင့်ဆောင်ရွက်မည့်ကိစ္စ အသိပေးကြေညာချက်

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၏ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ်များကို အခြေခံပညာ အထက်တန်းကျောင်းများတွင် ၃၀-၆-၂၀၂၁ ရက်နေ့အထိ (ပိတ်ရက်အပါအဝင်) ထုတ်ပေးမည်ဖြစ်ပြီး တက္ကသိုလ်များတွင် ၃၀-၆-၂၀၂၁ ရက်နေ့အထိ(ပိတ်ရက်အပါအဝင်) တိုးမြှင့်လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၇- ၆ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၃,၈၃၀ | ၃၄,၄၇၀,၀၀၀ |
| MTSH | ၃,၅၅၀ | ၃,၆၀၀ | ၂,၂၇၁ | ၇,၉၀၃,၀၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၂၅ | ၅၀၀,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁ | ၂,၈၀၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၁၇**

ရန်ကုန်(ရွှေဈေး) ၁၅၆၁၀၀၀

မန္တလေး(ရွှေဈေး) ၁၅၅၈၀၀၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၇၃.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၇၉.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၄၄.၆၉ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၁၁၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၀.၃၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၈၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၉၅.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၇၅.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၁.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၉.၁၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးလိုအပ်ချက်ပင်ဖြစ်

☆ ပညာတတ်များ ပေါ်များစေရေး ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို မလွဲမသွေဆောင်ရွက်ရမည်ဖြစ်

☆ ယခုအခါ ကျောင်းများပြန်လည်ဖွင့်လှစ်လျက်ရှိပြီး CDM ဝန်ထမ်းများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ နှောင့်ယှက်မှုများကြောင့် ဆရာ ဆရာမများအနေဖြင့်လည်း အခက်အခဲများကြားမှ တက်ရောက်သင်ကြားပေးလျက်ရှိ

☆ မိမိတို့နိုင်ငံ၏ အနာဂတ်ကိုပုံဖော်ပေးနိုင်မည့် ကျောင်းသား ကျောင်းသူများ လူတစ်လုံး သူတစ်လုံးဖြင့် ပညာတတ်မြောက်ရေးအတွက် စာပေပညာများ သင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများကိုလည်း ကျေးဇူးတင်ဂုဏ်ပြု

☆ ရှေ့ဖုံးမှ

အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတိုင်းရှိ အစိုးရတိုင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်တာဝန်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုနှင့်ပတ်သက်၍ နိုင်ငံသားများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်အောင် ဆောင်ရွက်ခြင်းသည် အရေးအကြီးဆုံးပင်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ကောင်စီအစည်းအဝေးတွင် ဘဏ္ဍာနှစ်ပြောင်းလဲရေးအတွက် စီမံဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး နိုင်ငံတော်၏ ငွေလုံးငွေရင်းအသုံးစရိတ်များတွင် ပုဂ္ဂလိကကဏ္ဍများ ပါဝင်သကဲ့သို့ နိုင်ငံတော်အစိုးရ၏ ကဏ္ဍသည်လည်း အထိုက်အလျောက် ပါဝင်လျက်ရှိသည်ကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အလားတူ ပညာသင်နှစ်သည် ပုံမှန်အားဖြင့် ဇွန် ၁ ရက်တွင်စတင်ပြီး မတ်လကုန်အတွင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိချိန်ကာလကတည်းက ကျောင်းသား ကျောင်းသူများ၏ နွေရာသီကျောင်းပိတ်ရက်၊ အဖြေလွှာစစ်ဆေးချိန်နှင့် ဆရာ ဆရာမများ အနားယူရမည့်အချိန်များ တွက်ချက်ပြီးဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ လွှတ်တော်ကျင်းပရာတွင်လည်း မတ်လဆန်းတွင် အစိုးရဖွဲ့ခြင်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး မိုးရာသီတွင် သီးနှံများ အဓိကထားစိုက်ပျိုးကြကြောင်း၊ နိုင်ငံ၏အဓိကစီးပွားရေးသည် စိုက်ပျိုးရေးအပေါ်တွင် အခြေခံပြီး အဓိကသီးနှံဖြစ်သည့်စပါးမှာ မိုးရာသီကုန်တွင်သာအများဆုံး ထွက်ရှိသဖြင့် ပွင့်လင်းရာသီရောက်ရှိချိန်မှသာ စိုက်ပျိုးရေးထုတ်ကုန်များ ရောင်းချနိုင်သောကြောင့် နိုင်ငံတော်ဘတ်ဂျက်များကို မှန်ကန်စွာ တွက်ချက်နိုင်မည်ဖြစ်ကြောင်း၊ ယခင်အစိုးရလက်ထက်က ဘဏ္ဍာနှစ်ပြောင်းလဲခဲ့ချိန်၌ စီးပွားရေးဆိုင်ရာ လုပ်ငန်းများတွင် အခက်အခဲများစွာ ပေါ်ပေါက်ခဲ့ကြောင်း၊ ထို့ကြောင့် ဘဏ္ဍာနှစ်အား ရှေးယခင်ကအတိုင်း ဧပြီ ၁ ရက်နေ့မှ စတင်ရန် ပြန်လည်သတ်မှတ်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

### များစွာထိခိုက်မှုရှိ

အစိုးရရုံးပိတ်ရက်များ သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ပြည်သူများ၏ခံစားခွင့် အနားယူမှု၊ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းများ ဆောင်ရွက်မှုများကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် အခြားနိုင်ငံများထက် အစိုးရရုံးပိတ်ရက်များ ပိုမိုများပြားခြင်းကြောင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို များစွာထိခိုက်မှုရှိကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းများ လည်ပတ်ရာ၌ ရုံးပိတ်ရက်များတွင် လုပ်ခတိုးမြှင့်ပေးရမှုကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရရုံးပိတ်ရက်များ ပြန်လည်ပြင်ဆင်သတ်မှတ်ရေးဆောင်ရွက်ရာတွင် အစားထိုးရုံးပိတ်ရက်များအား လျှော့ချရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာတို့၏နှစ်သစ်ကူးမဟာသင်္ကြန် ကာလအတွင်း ပြည်သူများ အနားယူနိုင်ရေး ထည့်သွင်းသတ်မှတ်ပေးထားကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာ၌ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍများ ဆောင်ရွက်မှုတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်သည့် နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးရေးကဏ္ဍသည် အခြားကဏ္ဍများထက် လျော့နည်းနေသည်ကိုတွေ့ရှိရကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများ တိုးတက်မှုနည်းပါးနေခြင်းကြောင့်ဖြစ်ကြောင်း၊ နိုင်ငံ၏ GDP တွင် လယ်ယာကဏ္ဍ ပါဝင်မှုသည် ၂၁ ရာခိုင်နှုန်းခန့်သာပါဝင်သဖြင့် လယ်ယာကဏ္ဍအား မြှင့်တင်ပေးရန်လိုအပ်ပြီး မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါးများကိုလည်း ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်ရန်လိုကြောင်း။

ပြည်ပနိုင်ငံများသို့ စိုက်ပျိုးရေး ထုတ်ကုန်များတင်ပို့နိုင်ပါက ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍနှင့်ပတ်သက်၍ တိုးတက်မှုများရှိသော်လည်း ပြည်တွင်းစက်ရုံအလုပ်ရုံများ လည်ပတ်ထုတ်လုပ်မှုများ အားနည်းလျက်ရှိနေသေးကြောင်း၊ နိုင်ငံပိုင်စက်ရုံများသာမက ပုဂ္ဂလိကစက်ရုံအချို့လည်း ပုံမှန်အတိုင်း ထုတ်လုပ်နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စက်ရုံအလုပ်ရုံများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များကို အားပေးပြီး ပြည်ပမှတင်သွင်းမှုများကို လျှော့ချဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်း၌ ကုန်ထုတ်လုပ်မှုများ လျော့နည်းလာခြင်းကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှု အားကောင်းလာစေရေး အားပေးရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်များ သက်သာစေရေးအတွက် လျှပ်စစ်ဓာတ်အားခနှုန်းထားများလျော့နည်းအောင် ဆောင်ရွက်ပေးခြင်း၊ ထိုက်သင့်သည့် လုပ်သားခများဖြစ်စေရေး ဆောင်ရွက်ပေးခြင်းနှင့် သယ်ယူပို့ဆောင်ရေးအတွက် ရထားလမ်းနှင့် ကားလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ပြီး တတ်နိုင်သမျှ ကူညီဖြည့်ဆည်းပေးနိုင်ပါက ကုန်ဈေးနှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတစ်ခုတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အရေးကြီးသည့် လိုအပ်ချက်ဖြစ်သဖြင့်လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် မိမိမကြာခဏ ပြောကြားထားကြောင်း၊ မိမိတို့နိုင်ငံမှ ပြည်သူတချို့သည် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှုကြောင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြကြောင်း၊ စက်ရုံအလုပ်ရုံများ လည်ပတ်ခြင်းဖြင့် ပြည်တွင်း၌ပင် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ဘဝတိုးတက်စေရေး ကျေးလက်ကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း။

### နို့စားနွားများမွေးမြူနိုင်ရေး

နိုင်ငံ၏ကျေးလက်စီးပွားရေးကို အထောက်အကူပြုနေသည့် လုပ်ငန်းများတွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် အဓိကအရေးကြီးကြောင်း၊ မိမိတို့နိုင်ငံမှ ပြည်ပသို့ နွားများတင်ပို့လျက်ရှိသဖြင့် ပြည်တွင်းမှလယ်ယာကဏ္ဍစိုက်ပျိုးရေးအတွက် အသုံးဝင်သည့် ခိုင်းနွားများ လျော့နည်းမသွားရန်လိုသကဲ့သို့ စက်မှုလယ်ယာကဏ္ဍကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပသို့ နွားများတင်ပို့ရာတွင် ထုတ်ကုန် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်လိုသကဲ့သို့ ဈေးနှုန်းများ ပြည့်ဝစွာရရှိရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံ၏ မွေးမြူရေး အဓိကထုတ်ကုန်များဖြစ်သည့် အမဲ၊ ဝက်၊ ကြက်နှင့် ရေထွက်ကုန်ပစ္စည်းများအား အဆင့်မြင့်မွေးမြူရေး ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ပြီးပြည်ပသို့တင်ပို့နိုင်ရန်လိုကြောင်း၊ အလားတူ သဘာဝနွားနို့ ပြည်ပသို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက်ရှိပြီးဖြစ်သော မြေနေရာနှင့် စားကျက်မြေတို့ကို အကျိုးရှိစွာအသုံးချ၍ နို့စားနွားများ မွေးမြူနိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း။

လမ်းပန်းဆက်သွယ်မှုအဆင်ပြေစေရေးနှင့်ပတ်သက်၍ ရထားလမ်းနှင့် ကားလမ်းများ အဆင်ပြေချောမွေ့ ကောင်းမွန်စွာသွားလာနိုင်ရန်လိုကြောင်း၊ ရထားပို့ဆောင်ရေးသည် ပို့ဆောင်ရေးစနစ်၌ အကောင်းဆုံးပို့ဆောင်ရေးစနစ်တွင်ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံရှိ ရထားလမ်းများ အဆင့်မြှင့်တင်ရန်အတွက် များစွာလိုအပ်နေသဖြင့် ရထားလမ်းများအား ဦးစားပေးဖြင့် ပြင်ဆင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရထားလမ်းကောင်းမွန်ပါက နိုင်ငံ၏စီးပွားရေးအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကသမဝါယမလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းများကို တစ်ဖက်မှ မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း။

### မလွဲမသွေဆောင်ရွက်ရမည်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ ပညာတတ်များ ပေါ်များစေရေး ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို မလွဲမသွေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအခါကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး CDM ဝန်ထမ်းများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ နှောင့်ယှက်မှုများကြောင့် ဆရာ ဆရာမများအနေဖြင့်လည်း အခက်အခဲများကြားမှ တက်ရောက်သင်ကြားပေးလျက်ရှိကြောင်း၊ ကျန်ရှိသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်ကို ပုံဖော်ပေးနိုင်မည့် ကျောင်းသား ကျောင်းသူများ လူတစ်လုံး သူတစ်လုံးဖြင့် ပညာတတ်မြောက်ရေးအတွက် စာပေပညာများ သင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများကိုလည်း ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်များ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများတွင် စာပေသင်ကြားရာ၌ ကျောင်းသားနှင့်ဆရာ အချိုးမျှတအောင် ဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်သည့် ဆရာ ဆရာမများ ခန့်အပ်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စာသင်ကျောင်းများအတွက်လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆရာ ဆရာမများအတွက် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့်ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက် ရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ယခုအချိန်တွင် ဆောင်ရွက်ရမည့်ကိစ္စသည် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ တရားမဝင် ဝင်ရောက်မှုများကို ထိထိရောက်ရောက်ဟန့်တားရန်လိုကြောင်း၊ ပြီးခဲ့သည့် လအနည်းအငယ်က တရားမဝင် မော်တော်ယာဉ်များနှင့်ဆိုင်ကယ် များစွာဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါ လိုင်စင်မဲ့ယာဉ်များကြောင့် လုံခြုံရေးကျိုးပေါက်ခဲ့သည့် ဖြစ်စဉ်များ မကြာခဏဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရကြောင်း၊ အဆိုပါ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ CCTV မှတ်တမ်းများတွင် နံပါတ်မပါသည့် မော်တော်ဆိုင်ကယ်များဖြစ်ပြီး နံပါတ်ပါရှိသည့် မော်တော်ဆိုင်ကယ် အချို့သည်လည်း နံပါတ်အတုများဖြစ်နေသည်ကိုတွေ့ရကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ မော်တော်ဆိုင်ကယ် စီးနင်းခွင့်မပြုဘဲ စည်ပင်သာယာရေးနယ်နိမိတ် ပြင်ပတွင်သာ စီးနင်းခွင့်ပြုထားကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ ကျေးလက်နေပြည်သူများ၏ ဘဝတိုးတက်စေရေး ကျေးလက်ကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်လို

☆ နိုင်ငံ၏ကျေးလက်စီးပွားရေးကို အထောက်အကူပြုနေသည့် လုပ်ငန်းများတွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် အဓိက အရေးကြီး

☆ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားမည်

# ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လိုအပ်

**မိမိတို့နိုင်ငံ၏ အဓိကစိုက်ပျိုးရေးမှာ ဆန်စပါး၊ ပဲနှင့် ဆီထွက်သီးနှံများဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ထို့အတူရပ်နားထားသည့် ပြည်တွင်းကုန်ထုတ်လုပ်ရေးစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက်လည်း တွန်းအားပေးဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုကုန်ကြမ်းများ ထုတ်လုပ်နိုင်သည့် ဝါနှင့် ဝါးစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများတွင်လည်း အုန်းစိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်၍ အုန်းထွက်ပစ္စည်းများ ထုတ်လုပ်ကာ နိုင်ငံတကာသို့တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ၏ဝင်ငွေတိုးတက်ရေးအတွက် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
၂၄-၅-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

- ☆ **လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ တရားမဝင် ဝင်ရောက်မှုများကို ထိထိရောက်ရောက်ဟန့်တားရန်လို**
- ☆ **လိုင်စင်မဲ့ယာဉ်များကြောင့် လုံခြုံရေးကျိုးပေါက်ခဲ့သည့် ဖြစ်စဉ်များ မကြာခဏဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရ**
- ☆ **ပြည်ပ နိုင်ငံအချို့မှ မော်တော်ယာဉ်နံပါတ်ပြားများတွင် မော်တော်ယာဉ်အမျိုးအစား၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် မြို့နယ်အလိုက် အက္ခရာများ သတ်မှတ်ထားသည်ကို တွေ့ရ**
- ☆ **သို့ဖြစ်၍ မိမိတို့နိုင်ငံတွင်လည်း ထိုသို့ဆောင်ရွက်ရန် စီစဉ်ခဲ့**
- ☆ **ထိုသို့ စီစဉ်ဆောင်ရွက်ခြင်းဖြင့် တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များ ထိန်းသိမ်းနိုင်မည်ဖြစ်**

☆ စာမျက်နှာ ၃ မှ

ယာဉ်စည်းကမ်းထိန်းသိမ်းရေးအပိုင်းနှင့်စပ်လျဉ်း၍ မော်တော်ယာဉ်လိုင်စင်နှင့် မော်တော်ဆိုင်ကယ်လိုင်စင်အတုများ ပြုလုပ်စီးနင်းနေသည်ကို တွေ့ရကြောင်း၊ ပြည်ပနိုင်ငံအချို့မှ မော်တော်ယာဉ်နံပါတ်ပြားများတွင် မော်တော်ယာဉ်အမျိုးအစား၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် မြို့နယ်အလိုက် အက္ခရာများ သတ်မှတ်ထားသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံတွင်လည်း ထိုသို့ဆောင်ရွက်ရန် စီစဉ်ခဲ့ကြောင်း၊ ထိုသို့ စီစဉ်ဆောင်ရွက်ခြင်းဖြင့် တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များ ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်လိုင်စင်အသစ် လျှောက်ထားခြင်းနှင့် လိုင်စင်သက်တမ်းတိုးခြင်းများ ဆောင်ရွက်ပါက နံပါတ်ပြားအသစ် ပြောင်းလဲရမည် ဖြစ်ကြောင်း၊ လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ တရားမဝင်ဝင်ရောက်နေမှုကြောင့် တိုင်းပြည်အတွက် အခွန်ငွေများစွာနစ်နာပြီး တရားဥပဒေစိုးမိုးရေးကို ထိခိုက်လျက်ရှိကြောင်း၊ ထို့ကြောင့် တရားမဝင်တင်သွင်းမှုနှင့် တင်ပို့မှုများကို ထိထိရောက်ရောက် ဟန့်တားသွားရမည်ဖြစ်ကြောင်း။

### ရသင့်ရထိုက်သည့် အခွန်အခများရရှိအောင်

တရားမဝင်လမ်းကြောင်းများမှ အခွန်ရှောင်ပြီး ပစ္စည်းများ တရားမဝင် တင်သွင်းနေမှုများကြောင့် အိမ်နီးချင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှရရှိသည့် အခွန်နှုန်းထားသည် များစွာလျော့နည်းနေသည်ကို တွေ့ရှိရကြောင်း၊ တရားမဝင် တင်သွင်းမှုများကို အုပ်ချုပ်ရေးပိုင်းက ထိထိရောက်ရောက် တားဆီးသွားရန် လိုအပ်ပြီး ရသင့်ရထိုက်သည့် အခွန်အခများကိုရရှိအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လျှပ်စစ်မီတာခများနှင့်စပ်လျဉ်း၍ ငွေကျပ်ဘီလီယံများစွာရရှိရန် ကျန်ရှိနေသည့်အတွက် အပြည့်အဝရရှိရေး ကောက်ခံသွားရမည်ဖြစ်ကြောင်း၊ အစိုးရသည် ရရှိသည့်အခွန်အခများပေါ်တွင် ရပ်တည်ပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို စီမံဆောင်ရွက်ရကြောင်း၊ သို့ဖြစ်၍ အခွန်အခများ အပြည့်အဝရရှိရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

စားသောက်ကုန်နှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် တစ်သျှူးနည်းဖြင့် ဖီးကြမ်းနှင့် သီးမွှေးငှက်ပျောများ ထုတ်လုပ်လျက်ရှိကြောင်း၊ ငှက်ပျောသီးသည် ကျန်းမာရေးအတွက် အထောက်အကူဖြစ်ပြီး အာဟာရပြည့်ဝစွာရရှိကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများတွင် စိုက်ပျိုးလိုပါက ပျိုးပင်များကို သင့်လျော်သည့်နှုန်းထားဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ပါက တိုင်းပြည်အတွက် အကျိုးများစွာရရှိမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ပြည်သူလူထု၏ စားရေရိက္ခာဖူလုံရေးနှင့် ဈေးနှုန်းသက်သက်သာသာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိအနေဖြင့် သက်ဆိုင်ရာဌာနများအား မြစ်၊ ချောင်းများ၌ ငါးမျိုးများ စိုက်ထည့်ပေးရန် လမ်းညွှန်ထားကြောင်း။

### နိုင်ငံအတွက် အကျိုးရှိမည့်

နိုင်ငံတကာမှ ပေးအပ်ခဲ့သော အကူအညီများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံအတွက် အကျိုးရှိမည့် လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက် ထိတွေ့ဆက်ဆံပြီး ဆက်လက်အကောင်အထည်ဖော်သွားရန် လိုအပ်ကြောင်း။

အခွန်ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွက် အခွန်အခရရှိပြီး ပုဂ္ဂလိကကဏ္ဍများ ငွေကြေးလည်ပတ်နိုင်ရန်အတွက် ထိုက်သင့်သည့် အခွန်နှုန်းထားများလျှော့ချနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးညှိနှိုင်းပြီး လျှော့ချပေးသွားမည်ဖြစ်ကြောင်း၊ နောင်လာမည့် အောက်တိုဘာ ၁ ရက်မှ မတ် ၃၁ ရက်အထိ ဆောင်ရွက်ရမည့် ဘဏ္ဍာရေးကာလတွင် အခွန်နှုန်းထားကို ထပ်မံစဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခွန်နှုန်းထားများ ကောက်ခံရာတွင် နိုင်ငံတကာစံနှုန်းများနှင့် အခြားအကျိုးဆက်များကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရကြောင်း၊ သို့သော်လည်း ပြည်တွင်း လုပ်ငန်းရှင်များ၊ ပြည်သူများနှင့် နိုင်ငံတော်အစိုးရတို့ အဆင်ပြေမည့် နည်းလမ်းများကို စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ညောင်လေးပင်မြို့၌ လူမှုရေးပင်စင်များ ထောက်ပံ့ပေးအပ်

**ညောင်လေးပင် ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ခြင်းကို ဇွန် ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြို့နိုင်က အဖွင့်အမှာစကား ပြောကြားသည်။

### ပေးအပ်

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ ထောက်ပံ့ငွေများအား လွှဲပြောင်းပေးအပ်ကြသည်။ အဆိုပါ သက်ကြီးဘိုးဘွားများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လ ဒုတိယသုံးလပတ်အတွက် ဘိုးဘွားတစ်ဦးလျှင် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ဘိုးဘွား ၃၄၇ ဦးအတွက် ငွေကျပ် ၁၀၄၁၀၀၀၀ အား ပေးအပ်ခဲ့သည်။



နေလင်း(ညောင်လေးပင်)

## ကောင်းမွန်သော ရေနေသတ္တဝါ မွေးမြူရေးကျင့်စဉ်သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာန၏ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်(Good Aquaculture Practices–GAqP)သင်တန်း(ဒုတိယအကြိမ်)ဆင်းပွဲကို ဇွန် ၁၆ ရက် မွန်းလွဲပိုင်းက နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးတွင် ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညိုညိုအေးက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ သင်တန်းသို့ နေပြည်တော်တိုင်းငါးလုပ်ငန်းဦးစီးဌာနအောက်ရှိ ခရိုင်/မြို့နယ် ငါးလုပ်ငန်းဦးစီးရုံးများနှင့် ရေဆင်းငါးလုပ်ငန်းစခန်းတို့မှ ဝန်ထမ်း ၁၉ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇွန် ၁၅ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၀ / ၂၀၂၁**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

Coronavirus Disease 2019 (COVID-19)ကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၃။ ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)ပါဇယားကို အောက်ပါအတိုင်း အစားထိုးရမည်-

| စဉ် | ဝင်ငွေ(ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၁၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၁၀၀,၀၀၀,၀၀၁ | ၃၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၃၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၁၃၈ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

**ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပညာရေးဝန်ကြီးဌာနအား အောက်ပါဝန်ကြီးဌာနများအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁) ပညာရေးဝန်ကြီးဌာန
(၂) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၁၃၉ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာမျိုးသိန်းကျော်အား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီးဌာန ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၁၄၀ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

**ပြည်ထောင်စုဝန်ကြီးဌာန ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအား ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၁၇

သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ် (၁၉) ကို ဇွန် ၁၈ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။




**သုံးပွဲယှဉ်ပြိုင်မည်**

အဆိုပါ ပွဲစဉ်(၁၉)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် မေဇင်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇွန် ၁၈ ရက်နှင့် ဇွန်(၁၉၊၂၀) ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ထိုင်းနိုင်ငံ)

နေခြည်

**နိဒါန်း**

ထိုင်းနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် လူဦးရေအားဖြင့် ၆၉ ဒသမ ၆၃ သန်းရှိ၍ မဲပေးပိုင်ခွင့်ရှိသူ ၅၁ ဒသမ ၄ သန်းကျော်ရှိပါသည်။ မြို့တော်သည် ဗန်ကောက်မြို့တော်ဖြစ်ပြီး အသုံးပြုသည့် ငွေကြေးမှာ ဘတ်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြပြီး ဧရိယာအကျယ်အဝန်း ၁၉၈၁၁၅ စတုရန်းမိုင် ကျယ်ဝန်းပါသည်။

ထိုင်းနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်ပေါ်တွင် အခြေခံထားသည့် စည်းမျဉ်းခံဘုရင်စနစ်ကို ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ၁၉၃၂ ခုနှစ်၌ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းပြီးနောက် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိုင်းပြည်သူ/ပြည်သားများထံ အပ်နှံခဲ့ပြီး ဘုရင်မင်းမြတ်သည် တိုင်းပြည်၏ အကြီးအကဲအဖြစ်သာ ရပ်တည်လျက်ရှိပါသည်။ အုပ်ချုပ်ရေးအာဏာကို စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံး၍ ဆောင်ရွက်ပါသည်။ ဘုရင်မင်းမြတ်သည် တိုင်းပြည်၏အကြီးအကဲဖြစ်ပြီး ဘုရင်တစ်ပါး နန်းသက်ကုန်ပါက ၎င်း၏နေရာကို ဘုရင်မင်းမြတ်၏ ဆွေမျိုးသားချင်းများသာ ဆက်ခံပိုင်ခွင့်ရှိပါသည်။ နိုင်ငံတော်အာဏာကို အစိုးရအဖွဲ့မှသာ အပြည့်အဝကျင့်သုံးခွင့်ရှိသော်လည်း ဘုရင်မင်းမြတ်သည် ပြည်သူများ၏ ချစ်ခင်လေးစားယုံကြည်မှုဖြင့် နိုင်ငံရေးပဋိပက္ခများတွင် ဝင်ရောက်ဖြေရှင်းနိုင်စွမ်းရှိရာ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အရေးပါသည့် ပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးများခန့်အပ်၍ အုပ်ချုပ်စေသည့် ပြည်နယ် ၇၇ ပြည်နယ်ရှိပြီး ပြည်နယ်တစ်ခုချင်းစီအလိုက် ခရိုင်၊ ခရိုင်ခွဲနှင့် ကျေးရွာများအဖြစ် ပိုင်းခြားသတ်မှတ်ဖွဲ့စည်းထားပါသည်။

ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အကြီးအကဲဖြစ်ပြီး ဥပဒေရေးရာ အကောင်အထည်ဖော်ခြင်းများအပါအဝင် အုပ်ချုပ်ရေးအာဏာကို အပြည့်အဝကျင့်သုံးပိုင်ခွင့်ရှိပါသည်။ ၂၀၁၇ ခုနှစ် ဧပြီလတွင် ပြင်ဆင်ခဲ့သည့် ဥပဒေပြင်ဆင်ချက်အရ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် မဟုတ်သည့်သူများသည်လည်း ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးအပ်ခံပိုင်ခွင့်ရှိပြီး သက်တမ်းတစ်ခုလျှင် လေးနှစ် တာဝန်ထမ်းဆောင်ရပါသည်။ ဘုရင်မင်းမြတ်သည် အစိုးရအဖွဲ့ကို ဝန်ကြီးချုပ်၏ထောက်ခံအတည်ပြုချက်ဖြင့် ခန့်အပ်ပါသည်။

**ဥပဒေပြုရေးအာဏာ**

ထိုင်းနိုင်ငံရှိ ဥပဒေပြုလွှတ်တော်ကို အမျိုးသားညီလာခံ (National Assembly) ဟု ခေါ်ဆိုသည့် လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားပါသည်။

အမျိုးသားညီလာခံတွင် ၂၀၁၇ ခုနှစ် ဧပြီလ၌ ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ထိုင်းတော်ဝင်စစ်တပ်မှ ခန့်အပ်ထားသော ငါးနှစ်သက်တမ်းထမ်းဆောင်ရမည့် ကိုယ်စားလှယ် ၂၅၀ ပါဝင်သည့် အထက်လွှတ်တော်နှင့် ပြည်သူများက မဲပေးရွေးချယ်ထားသော လေးနှစ်သက်တမ်း ထမ်းဆောင်ရမည့် ကိုယ်စားလှယ် ၅၀၀ ပါဝင်သည့် အောက်လွှတ်တော်တို့ ပါဝင်ပါသည်။

အောက်လွှတ်တော်တွင် မဲဆန္ဒနယ် ၃၅၀မှ မဲဆန္ဒနယ်တစ်နယ်လျှင် ကိုယ်စားလှယ် တစ်ဦးနှုန်းဖြင့် တိုက်ရိုက်ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ် ၃၅၀ နှင့် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်ထားသည့် ပါတီကိုယ်စားပြုကိုယ်စားလှယ် ၁၅၀ ပါဝင်ပါသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တွင် ရွေးကောက်ပွဲ၌ Mixed Member Apportionment System – MMA စနစ်ကို အသုံးပြုရန် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထိုင်းနိုင်ငံတွင် ၁၉၃၂ ခုနှစ်၌ သက်ဦးဆံပိုင်ဘုရင်စနစ်ကို ဖျက်သိမ်းပြီးနောက် ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါင်း ၂၀ ရှိပါသည်။

**တာဝန်နှင့်လုပ်ပိုင်ခွင့်များ**


**အောက်လွှတ်တော်**

အောက်လွှတ်တော်သည် ထိုင်းနိုင်ငံ၏ အဓိက ဥပဒေပြုရေးအဖွဲ့အစည်းဖြစ်ပြီး လွှတ်တော်နှစ်ရပ်တွင် လုပ်ပိုင်ခွင့်အာဏာ ပိုကြီးမားသည့် လွှတ်တော်ဖြစ်ပါသည်။ ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ကနဦးတင်သွင်း ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေမူကြမ်းများအား စိစစ်ဆွေးနွေးနိုင်ရေး ကော်မတီများဖွဲ့စည်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ ပေါ်ပေါက်သည့်ကိစ္စရပ်များအလိုက် ဝန်ကြီးများမှ လွှတ်တော်တွင်း တာဝန်ယူတင်ပြနိုင်ရေးကိစ္စရပ်များအပါအဝင် ဝန်ကြီးချုပ်နှင့်၎င်း၏ အစိုးရအဖွဲ့ဝန်ကြီးများကို စွပ်စွဲပြစ်တင်ပိုင်ခွင့်အာဏာလည်း ရှိပါသည်။

**အထက်လွှတ်တော်**

အထက်လွှတ်တော်သည် ဥပဒေကြမ်းများ ဆွေးနွေးခြင်းအပါအဝင် လွတ်လပ်သောအဖွဲ့အစည်းများနှင့် တရားစီရင်ရေးအဖွဲ့၏ အဖွဲ့ဝင်ခန့်ထားရွေးချယ်ခြင်းအပေါ် အကြံပြုခွင့်အာဏာကိုလည်း အပ်နှင်းခြင်း ခံထားရပါသည်။

> **ထိုင်းနိုင်ငံသည် တိုင်းပြည်နှင့်ကိုက်ညီမည့် အချိုးကျကိုယ်စားပြုစနစ် ပုံစံအမျိုးမျိုး ပြောင်းလဲအသုံးပြု၍ ရွေးကောက်ပွဲများ ကျင်းပပေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူတိုင်း၏ ဆန္ဒမဲများကို အလေးထား ခွဲဝေပေးသည့်အတွက် ရွေးကောက်ပွဲတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုများပြားလာကာ ဒီမိုကရေစီလမ်းစဉ် အောင်မြင်ရန် အထောက်အပံ့ဖြစ်စေခဲ့။**




ထိုင်းလွှတ်တော်ဖွဲ့စည်းမှုပုံစံ

**အရည်အချင်းသတ်မှတ်ချက်များ**

**အောက်လွှတ်တော်**

မွေးဖွားစဉ်တွင် ထိုင်းနိုင်ငံသားဖြစ်သူ၊ အသက် ၂၅ နှစ်ပြည့်ပြီးသူ၊ သက်မှတ်ချက်နှင့်အညီ နိုင်ငံရေးပါတီဝင်ဖြစ်သူ ဖြစ်ရမည်။

ထို့ပြင် မဲဆန္ဒနယ်ကိုယ်စားပြုကိုယ်စားလှယ်လောင်းဖြစ်ပါက ဝင်ရောက်ယှဉ်ပြိုင်မည့်ခရိုင်တွင် မွေးဖွားသူ၊ ယင်းခရိုင်တွင် အနည်းဆုံးငါးနှစ် တစ်ဆက်တစ်စပ်တည်း နေထိုင်လျက်ရှိသည့် အိမ်ထောင်စုဇယားရှိသူ၊ ယင်းခရိုင်ရှိ ပညာရေးအဖွဲ့အစည်းတစ်ခုခုတွင် အနည်းဆုံးငါးနှစ် တစ်ဆက်တစ်စပ်တည်း ပညာသင်ကြားဖူးသူ၊ ယင်းခရိုင်ရှိ အစိုးရအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် အစိုးရ အသိအမှတ်ပြု အဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ယူဖူးသူ ဖြစ်ရမည်။

**အထက်လွှတ်တော်**

မွေးဖွားစဉ်တွင် ထိုင်းနိုင်ငံသားဖြစ်သူ၊ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၄၀ ပြည့်ပြီးသူ၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ၊ သက်ဆိုင် ရာနယ်ပယ်တွင် အသိပညာပြည့်ဝသူ၊ သက်ဆိုင်ရာဥပဒေနှင့်အညီ ဝင်ရောက်အရွေးခံမည့်ဒေသတွင် မွေးဖွားသူ သို့မဟုတ် အမြဲတမ်းနေထိုင်သူ သို့မဟုတ် အလုပ်လုပ်ကိုင်သူ ဖြစ်ရမည်။

**ကျင်းပခဲ့သည့်ရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲစနစ်များ**

ထိုင်းနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအပါအဝင် ရွေးကောက်ပွဲ ၁၉ ကြိမ် ပြုလုပ်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်တစ်နယ်လျှင် ကိုယ်စားလှယ်တစ်ဦးနှုန်း ရွေးကောက်တင်မြှောက်သည့် မဲဆန္ဒနယ် ၃၇၅ နယ်အတွက် ရွေးကောက်ပွဲကို Mixed Member Majoritarian System – MMM စနစ်ကိုအသုံးပြု၍ ကျင်းပခဲ့ပြီး ပါတီကိုယ်စားပြုကိုယ်စားလှယ်နေရာ (Party–List) ၁၂၅ နေရာအတွက် ရွေးကောက်ပွဲကို အမျိုးသားမဲဆန္ဒနယ်တစ်ခု သတ်မှတ်၍ Proportional Representation (အချိုးကျ ကိုယ်စားပြုစနစ်) အသုံးပြု၍ ကျင်းပပေးခဲ့ပါသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့ ရွေးကောက်ပွဲသည် ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲရုံများသို့ မဲလာပေးသူများအား နှောင့်ယှက်ဟန့်တားမှုများနှင့် ခရိုင်အားလုံးတွင် မဲပေးခြင်းလုပ်ငန်းစဉ် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်း မရှိဟူသော စွဲချက်များဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် အထွေထွေရွေးကောက်ပွဲအား ပယ်ဖျက်ကြောင်း ၂၀၁၄ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကြေညာခဲ့သည့်အတွက် ပျက်ပြယ်ခဲ့ပါသည်။

ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပကာ ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကိုလည်းကောင်း၊ အထက်လွှတ်တော်ကိုယ်စားလှယ်များနှင့် အောက်လွှတ်တော် ကိုယ်စားလှယ်များက ဝန်ကြီးချုပ်အား ပူးပေါင်းရွေးချယ်ခွင့်ကိုလည်းကောင်း သဘောတူညီမှု ရှိ/မရှိ ပြည်သူ့ဆန္ဒခံယူခဲ့ပါသည်။

၂၀၁၄ ခုနှစ်တွင် ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထက်လွှတ်တော်အား တပ်မတော်မှ ခန့်အပ်ထားသော ကိုယ်စားလှယ် ၇၄ ဦးနှင့် Single Non–Transferable Vote (SNTV) ဖြင့် ရွေးချယ်ထားသည့်ကိုယ်စားလှယ် ၇၆ ဦး စုစုပေါင်းကိုယ်စားလှယ် ၁၅၀ ဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင်မူ အထက်လွှတ်တော် ကိုယ်စားလှယ်အားလုံးကို ထိုင်းတော်ဝင်စစ်တပ်မှခန့်အပ်ရန် ပြင်ဆင်ရေးဆွဲခဲ့ပြီး ကိုယ်စားလှယ်နေရာ ခြောက်နေရာကိုလည်း တပ်မတော်အကြီးအကဲများအတွက် သတ်မှတ်ရန် ပြဋ္ဌာန်းခဲ့ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ၂၀၁၇ ခုနှစ် ဧပြီလတွင် အတည်ပြုခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် မတ်လ ၂၄ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပါသည်။ ၎င်းရွေးကောက်ပွဲတွင် Mixed Member Apportionment System – MMA စနစ်ကို ပထမဆုံးအကြိမ်အဖြစ် ကျင့်သုံးခဲ့ပါသည်။

စာမျက်နှာ ၇ သို့ ✧

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို သန်လျင်မြို့ရှိ ကိုလိုနီခေတ်အဆောက်အအုံများ ကြည့်ရှုစစ်ဆေး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ဂေါပကအဖွဲ့နှင့်တွေ့ဆုံ



**နေပြည်တော် ဇွန် ၁၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ဒုတိယဝန်ကြီး ဦးထွန်းအုံနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ ပေါ်တူဂီဘုရားရှိခိုးကျောင်းနှင့် အမှတ်(၁) ရေနံချက်စက်ရုံဝင်းအတွင်းရှိ ကိုလိုနီခေတ် အဆောက်အအုံများအား စစ်ဆေးသည်။ **(ယာပုံ)**

ပေါ်တူဂီဘုရားရှိခိုးကျောင်းသည် ၁၇၄၉ ခုနှစ်တွင် Rev.Fr. Paolo Marie Nerini နှင့် Rev. Nother Angelo Capello တို့က သန်လျင်မြို့ရှိ အာမေနီးယန်းလူမျိုး ကုန်သည်ကြီး Nicolas de Agualar ၏ လှူဒါန်းမှုဖြင့် အလျား ၈၁ ပေ၊ အနံ ၃၁ ပေ၊ အမြင့်ပေ ၄၀ ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းအဖြစ် တည်ဆောက်ခဲ့ရာ ယခုသက်တမ်း ၂၇၂ နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ ၁၉၀၄ ခုနှစ်မှစ၍ ရှေးဟောင်းအဆောက်အအုံအဖြစ် စာရင်းသွင်း စောင့်ရှောက်ထားသည့် ဇယားဝင်အဆောက်အအုံတစ်ခုလည်း ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်ရေနံချက်စက်ရုံဝင်းအတွင်းရှိ ကိုလိုနီခေတ်အဆောက်အအုံများကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းအဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ ကိုလိုနီခေတ်အဆောက်အအုံများကိုလည်း မူလလက်ရာမပျက် ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီးထံမှ ဩဝါဒခံယူကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အစည်းအဝေးပြုလုပ်ပြီး လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအား အများပြည်သူစိတ်ချမ်းမြေ့စွာ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်တားဆီးကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျစိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရေး ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

✧ **စာမျက်နှာ ၆ မှ**

**Mixed Member Apportionment System – MMA**

ထိုင်းနိုင်ငံ၏ MMA စနစ်မှာ အခြားသော ရောစပ်ရွေးကောက်ပွဲများကဲ့သို့ မဲဆန္ဒရှင်များအနေဖြင့် ကိုယ်စားလှယ်လောင်းအား တစ်ကြိမ်၊ ပါတီအား တစ်ကြိမ် ဆန္ဒမဲပေးရခြင်းမဟုတ်ဘဲ ပေါင်းစပ်မဲ (Fused Ballot) တစ်ကြိမ်သာပေးရမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်မှ ဆန္ဒပြုလိုက်သော အဆိုပါ ဆန္ဒမဲတစ်ပြားသည် ကိုယ်စားလှယ်လောင်းအတွက်သာမက ယင်းကိုယ်စားလှယ်လောင်း ကိုယ်စားပြုသောပါတီအတွက်ပါ အကျုံးဝင်မည်ဖြစ်ပါသည်။ ပါတီတစ်ခုချင်းစီမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရရှိလာသော စုစုပေါင်းဆန္ဒမဲအရေအတွက်ပေါ်မူတည်၍ ယင်းပါတီရရှိနိုင်မည့် ပါတီကိုယ်စားပြုကိုယ်စားလှယ်နေရာအရေအတွက်ကို သတ်မှတ်ပေးခြင်း ဖြစ်ပါသည်။

ပါတီများအနေဖြင့် ၎င်းတို့ရရှိထားသည့် မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ အရေအတွက်သည် သတ်မှတ်ပမာဏ မပြည့်မီသေးသည့် အခြေအနေမျိုးတွင်သာ ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာ အရေအတွက်ကို ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့အတွက်ကြောင့် ပါတီတစ်ခုအနေဖြင့် အနိုင်ရရှိထားသည့် မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ အရေအတွက်သည် ပထမအဆင့်ရေတွက်ချိန်တွင် အရည်အချင်းပြည့်မီ၍ သတ်မှတ်ပမာဏထက် ကျော်လွန်နေပါက ပါတီကိုယ်စားပြုကိုယ်စားလှယ်နေရာ ရရှိခွင့် မရှိပေ။

**ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာ တွက်ချက်ခြင်း**

Mixed Member Apportionment System –MMA စနစ်အရ မဲဆန္ဒရှင်များ ဆန္ဒပြုလိုက်သည့် ပေါင်းစပ်ဆန္ဒမဲတစ်မဲချင်းစီ (Fused Ballot) သည် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းအတွက်သာမက ယင်းကိုယ်စားလှယ်လောင်း ကိုယ်စားပြုသည့် ပါတီအတွက်ပါ ရေတွက်ခြင်းဖြစ်ပါသည်။

ပထမအဆင့်အနေဖြင့် ပါတီတစ်ခုချင်းစီအလိုက်ရရှိမည့် ကိုယ်စားလှယ်အရေအတွက်ကို ၎င်းပါတီ၏နိုင်ငံတစ်ဝန်းရရှိသော စုစုပေါင်း ဆန္ဒမဲအရေအတွက်ပေါ်မူတည်၍ သတ်မှတ်ပေးပါသည်။ ပါတီကိုယ်စားပြု ကိုယ်စားလှယ်အရေအတွက် ရရှိရန်အတွက် နိုင်ငံရေးပါတီများသည် အနိမ့်ဆုံး ထောက်ခံမဲအရေအတွက် (Threshold) ရရှိရမည်ဖြစ်ပါသည်။ အနိမ့်ဆုံး ထောက်ခံမဲအရေအတွက် (Threshold) တွက်ချက်ပုံမှာ တစ်နိုင်ငံလုံး၏ ခိုင်လုံမဲအရေအတွက် စုစုပေါင်းကို တင်မြှောက်မည့် ကိုယ်စားလှယ်အရေအတွက် ၅၀၀ ဖြင့် အချိုးချခြင်းနည်းဖြင့် ရရှိလာခြင်း ဖြစ်ပါသည်။

ဒုတိယအဆင့် ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာခွဲဝေခြင်းကို ပါတီတစ်ခုချင်းစီအလိုက် ရရှိသည့်ပေါင်းစပ်ဆန္ဒမဲ (Fused Ballot) ရရှိမှု အနည်းအများအပေါ် မူတည်၍ ဆောင်ရွက်ပါသည်။

ပထမအဆင့် တွက်ချက်ရာမှ ထွက်ပေါ်လာသော ပါတီတစ်ခုချင်းစီအလိုက် ရရှိနိုင်မည့် ကိုယ်စားလှယ်အရေအတွက်မှ ၎င်းပါတီ အနိုင်ရရှိထားပြီးဖြစ်သည့် မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်အရေအတွက်ကို ခြားနားလိုက်ပါက ပါတီအနေဖြင့်ရရှိမည့် ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာအရေအတွက်ကို ရရှိမည်ဖြစ်ပါသည်။ [ဥပမာ – ပါတီ A သည် တစ်နိုင်ငံလုံး၏ မဲဆန္ဒရှင် စုစုပေါင်း ၂၀ ရာခိုင်နှုန်းရရှိပြီး မဲဆန္ဒရှင်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ ၇၀ နေရာ အနိုင်ရရှိထားပါက ပထမအဆင့်အနေဖြင့် A ပါတီအတွက် ကိုယ်စားလှယ်နေရာ ၁၀၀ နေရာ (၅၀၀၏ ၂၀ ရာခိုင်နှုန်း) ရရှိမည်ဖြစ်ပါသည်။ ဒုတိယအဆင့် ဆက်လက်တွက်ချက်ရာတွင် ရရှိထားသည့် ကိုယ်စားလှယ်နေရာ ၁၀၀ နေရာမှ မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ ၇၀ကို ခြားနားလိုက်ပါက ပါတီကိုယ်စားပြုကိုယ်စားလှယ်နေရာ ၃၀ နေရာ ရရှိလာမည် ဖြစ်ပါသည်။]

**၂၀၁၉ ခုနှစ်ရွေးကောက်ပွဲ**

ထိုင်းနိုင်ငံတွင် မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ် ၃၅၀ နှင့် ပါတီကိုယ်စားပြု ကိုယ်စားလှယ် ၁၅၀ စုစုပေါင်း ၅၀၀ အား သတ်မှတ်ထားပါသည်။ မဲဆန္ဒနယ်တစ်နယ်လျှင် ကိုယ်စားလှယ်တစ်ဦးနှုန်းဖြင့် မဲဆန္ဒနယ် ၃၅၀ မှ မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ် ၃၅၀ အား တိုက်ရိုက်ဆန္ဒမဲပေး ရွေးချယ်ပြီး ပါတီကိုယ်စားပြု ကိုယ်စားလှယ် ၁၅၀ ကို ပါတီတစ်ခုချင်းစီအလိုက် ရရှိသည့် ဆန္ဒမဲအရေအတွက် အနည်းအများပေါ်မူတည်၍ သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပါသည်။

၂၀၁၉ ခုနှစ် ရွေးကောက်ပွဲတွင် ခိုင်လုံမဲအရေအတွက် စုစုပေါင်း ၃၅ ဒသမ ၆၃ သန်း ရှိခဲ့ပါသည်။ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အရေအတွက် စုစုပေါင်း ၅၀၀ ရှိသဖြင့် ကိုယ်စားလှယ်တစ်ဦးအနေဖြင့် အနိမ့်ဆုံးထောက်ခံမဲအရေအတွက် (Threshold) ၇၁၀၆၅ ရရှိရန် လိုအပ်ပါသည်။ အနိမ့်ဆုံးထောက်ခံမဲအရေအတွက် (Threshold) ၇၁၀၆၅ ရရှိသည့် ပါတီများကို ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာများ ခွဲဝေပေးပြီးနောက် ကျန်ရှိနေသေးသည့် ကိုယ်စားလှယ်နေရာများအား ၇၁၀၆၅ အောက် လျော့နည်းသော ပါတီငယ်များသို့ ခွဲဝေပေးပါသည်။ လွှတ်တော်တွင်း ပါတီငယ်များပါဝင်ခွင့် ပိုမိုရရှိရေးအတွက် အနိမ့်ဆုံး ထောက်ခံမဲအရေအတွက် (Threshold) ၇၁၀၆၅ မရရှိ၍ ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာ မရရှိသော ပါတီငယ်များအတွက် သတ်မှတ်ချက်ကို ၃၀၀၀၀ ခန့်သို့ လျှော့ချပေးခဲ့ပါသည်။

၎င်းတွက်ချက်မှုပုံစံသည် "ပါတီများအနေဖြင့် ယင်းတို့ ရရှိသင့်သည့်အရေအတွက်ထက် ပိုမို၍ မရရှိသင့်" ဟူသော အချက်အပေါ် ထိခိုက်စေနိုင်သည်ဟု ဝေဖန်ထောက်ပြခဲ့ကြပြီး အစိုးရဖွဲ့စည်းမှုအပေါ် ဆိုးကျိုးများ သက်ရောက်မည်ကို စိုးရိမ်မှုများ ရှိခဲ့ကြပါသည်။ ဒီမိုကရေစီလိုလားသော ပါတီများမှ ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာကို အနိမ့်ဆုံး ထောက်ခံမဲအရေအတွက် (Threshold) ၇၁၀၆၅ ရရှိသော ပါတီများသို့သာ ခွဲဝေပေးရန် တင်ပြခဲ့ကြပါသည်။ ယင်းကိစ္စအား ဖြေရှင်းရန်အတွက် အစိုးရအရာရှိ (အစိုးရဌာနများနှင့်စပ်လျဉ်းသည့် ပြဿနာများကို စုံစမ်းတင်ပြရန် ခန့်အပ်ထားသောအစိုးရအရာရှိ) က ရွေးကောက်ပွဲကော်မရှင်၏ ပါတီကိုယ်စားလှယ်နေရာ တွက်ချက်မှုပုံစံအပေါ် အငြင်းပွားမှုများ ဖြစ်ပွားစေသည့် ဝိဝါဒကွဲပြားနေသော အထက်ဖော်ပြပါ ပုံစံနှစ်ခုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်ပြဆောင်ရွက်ခဲ့ပါသည်။

မေလ ၈ ရက်နေ့တွင် ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပါတီကိုယ်စားပြု ကိုယ်စားလှယ်နေရာ သတ်မှတ်သည့်ပုံစံနှင့်စပ်လျဉ်း၍ အငြင်းပွားမှုသည် ၂၀၁၇ ခုနှစ် ပဋိညာဉ်နှင့်သွေဖည်ခြင်းမရှိစေရဟု အမိန့်ချမှတ်ခဲ့ပါသည်။ သို့ဖြစ်၍ ထိုင်းနိုင်ငံရေးသမိုင်းတွင် စံချိန်သစ်အနေဖြင့် နိုင်ငံရေးပါတီစုစုပေါင်း ၂၇ ပါတီသည် လွှတ်တော်တွင်း ကိုယ်စားလှယ်နေရာများ ရရှိလာခဲ့ပါသည်။

**နိဂုံး**

ထိုင်းနိုင်ငံသည် တိုင်းပြည်နှင့်ကိုက်ညီမည့် အချိုးကျကိုယ်စားပြုစနစ် ပုံစံအမျိုးမျိုး ပြောင်းလဲအသုံးပြု၍ ရွေးကောက်ပွဲများ ကျင်းပပေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူတိုင်း၏ ဆန္ဒမဲများကို အလေးထား ခွဲဝေပေးသည့်အတွက် ရွေးကောက်ပွဲတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု များပြားလာကာ ဒီမိုကရေစီလမ်းစဉ် အောင်မြင်ရန် အထောက်အပံ့ ဖြစ်စေခဲ့ပါသည်။ နောက်တစ်ကြိမ် ရွေးကောက်ပွဲအား ၂၀၂၃ ခုနှစ် မတ်လတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံ၌ တပ်မတော်မှ အာဏာသိမ်းမှု ၂၂ ကြိမ် ပေါ်ပေါက်ခဲ့ပြီး နိုင်ငံရေးအခြေအနေ ရှုပ်ထွေးမှုအမျိုးမျိုး ကြုံတွေ့ခဲ့ရသော်လည်း ထိုင်းပြည်သူ ပြည်သားတို့၏ သည်းခံနိုင်စွမ်းရှိမှု၊ ဘဝပေးအသိရှိမှုနှင့် ပြဿနာများအား ငြိမ်းချမ်းစွာအဖြေရှာခြင်းနည်းလမ်းများဖြင့် ဖြေရှင်းမှုများကြောင့် နိုင်ငံကို အကောင်းဆုံးတည်ဆောက်လျက်ရှိကြောင်း နိဂုံးချုပ် ဖော်ပြအပ်ပါသည်။ ။

**ရည်ညွှန်းကိုးကား**

- Election Guide by IFES (Thailand )
- Constitutional Design in Thailand: the Management of Electoral Process in an Emergent Democracy
- Electoral Politics in Thailand
- Thailand's Puzzling 2019 Election: How the NCPO Junta has Embedded itself in Thai Politics
- Thai Election For Dummies: HOW, WHEN, WHERE To Cast Your Vote
- Thailand in Brief by Royal Thai Embassy Washington D.C

■

# ၂၀၂၂ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၇**
၂၀၂၂ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် ဂရိတ်ဝေါဟိုတယ်၌ ကျင်းပသည်။

**ပြောကြား**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ကျေးလက်ဒေသများရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ပြည်သူအများစုအတွက် လယ်ယာသန်းခေါင်စာရင်းအချက်အလက်များသည် အရေးပါသော လုပ်ငန်းတစ်ခုဖြစ်သည်ကို သတိပြုကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ယခင်အတွေ့အကြုံများကို အသုံးချရန် လိုအပ်သည့် နည်းတူ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ညီညွတ်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံတကာနှင့် နှိုင်းယှဉ်တွက်ချက်ရာတွင် ပြည့်ဝမှန်ကန်သည့် ညွှန်းကိန်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကို ၁၉၅၃ ခုနှစ်၊ ၁၉၉၃ ခုနှစ်၊ ၂၀၀၃ ခုနှစ်တို့တွင် ကောက်ယူခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် စတုတ္ထအကြိမ် ကောက်ယူခဲ့သည့် လယ်ယာသန်းခေါင်စာရင်း ကောက်ယူမှုတွင် နမူနာအိမ်ထောင်စု ၅ ဒသမ ၄ သန်း၌ သီးနှံစိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူရေး ပူးတွဲလုပ်ကိုင်နေသည့် အိမ်ထောင်စုပေါင်း ၃ ဒသမ ၉ သန်း၊ သီးနှံစိုက်ပျိုးရေး သီးသန့်လုပ်ကိုင်သူ အိမ်ထောင်စုပေါင်း ၁ ဒသမ ၂ သန်း၊ မွေးမြူရေး သီးသန့်လုပ်ကိုင်သူ အိမ်ထောင်စုပေါင်း သုည ဒသမ ၄ သန်းရှိကြောင်း၊ ၂၀၀၃ ခုနှစ် လယ်ယာသန်းခေါင်စာရင်းနှင့် ၂၀၁၀ ပြည့်နှစ် လယ်ယာသန်းခေါင်စာရင်းကို နှိုင်းယှဉ်ပါက လယ်ယာပိုင်ဆိုင်မှုဧရိယာအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ၄၉ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ ယခုကောက်ယူမည့် လယ်ယာသန်းခေါင်စာရင်းသည် ၂၀၂၀ ပြည့်နှစ်တွင် ကောက်ယူရန်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကြောင့် လုပ်ငန်းများ ရပ်တန့်ခဲ့ရပြီး ၂၀၂၂ ခုနှစ်တွင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေရေးဆွဲခြင်းနှင့် ဥပဒေ(မူကြမ်း) စိစစ်အကြံပြုခြင်းဆိုင်ရာ သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၇**
ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေရေးဆွဲခြင်းနှင့် ဥပဒေ(မူကြမ်း) စိစစ်အကြံပြုခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၂၁) ဆင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။

**ပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် မိမိရုံး၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) တွင် စီမံကိန်းရည်မှန်းချက်များ ချမှတ်ပြီး ဥပဒေအရာရှိများ အရည်အသွေးမြင့်မားစေရန်နှင့် မိမိရုံးနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသော ဥပဒေရေးရာလုပ်ငန်းများတွင် ထိရောက်စွာ ဥပဒေအကြံဉာဏ်ပေးနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် အရည်အသွေးပြည့်မီသော ဥပဒေပညာရှင်များ မွေးထုတ်ပေးရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းကိုတက်ရောက်ခဲ့ကြသည့် ဥပဒေအရာရှိများအနေဖြင့် ဥပဒေတစ်ရပ်ကို ချဉ်းကပ်လေ့လာရာတွင် ဥပဒေမူကြမ်းရေးဆွဲသူ (Draftsman) တစ်ဦး၏ ရှုထောင့်အမြင်ဖြင့် ပိုင်းခြားရှုမြင်ပြီး ဥပဒေတစ်ရပ်၏ အနှစ်သာရ ပြည့်စုံမှု၊ ရှေ့နောက်ညီညွတ်မှု၊ အစီအစဉ်ကျနပြေပြစ်မှု၊ အရေးအသားရှင်းလင်းကျစ်လျစ်မှု၊ လက်တွေ့အကောင်အထည်ဖော်နိုင်မှုတို့ကို သတိပြုစိစစ်တတ်သည့် အလေ့အကျင့်ကောင်းများကို ဤသင်တန်းမှ ရရှိသွားမည်ဟု ယုံကြည်ပါကြောင်း၊ ဤသင်တန်းက ရရှိသည့် အသိပညာဗဟုသုတများကို အခြေခံပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် နိုင်ငံတော်အတွက် အားထားရသည့် ဥပဒေပညာရှင်များဖြစ်အောင် ဥပဒေမူကြမ်းရေးဆွဲခြင်း ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



သင်တန်းဆင်းပွဲသို့ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၇**
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပညာရည်မြင့်မားရေး၊ လူ့စွမ်းအားဖွံ့ဖြိုးရေးနှင့် အသိပညာဖြန့်ဝေရေး (Knowledge Sharing Program-KSP) အစီအစဉ်အရ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်) စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းများနှင့်အညီ ကျင်းပသည်။





ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းနှင့် လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ လုပ်ငန်းတာဝန်များတွင်လည်း လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်း ပါဝင်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းသည် အစိုးရဌာန/ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် စီးပွားရေး တွက်ခြေကိုက်မှု/ ခြိုးခြံချွေတာမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ ထိရောက်အောင်မြင်မှု ရှိ၊ မရှိ တို့ကို စစ်ဆေးခြင်းဖြစ်သဖြင့် အရေးကြီးကြောင်း၊ ယခုအခါ အများလက်ခံကျင့်သုံးနေသည့် စာရင်းစံများနှင့်အညီ စစ်ဆေးခြင်းမှ နိုင်ငံတကာ စာရင်းစစ်ချုပ်ရုံးများ လိုက်နာကျင့်သုံးရမည့် နိုင်ငံတကာစံများကို ပြောင်းလဲအသုံးပြုနေပြီဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးမည့် လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးရေးဆိုင်ရာ ဆွေးနွေးချက်များကို သေချာစွာ လေ့လာမှတ်သားပြီး လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်အောင် ကြိုးစားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြဇင်နှင့် စစ်ဆေးရေးဌာနခွဲ(၃) ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်လေးနွယ်တို့က လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

**အကြံပြုဆွေးနွေး**

တင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများက အကြံပြုဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇွန် ၁၇**
မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် (၆၉) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဇွန် ၁၇**
မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၆၉)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဌာနတွင်းဝန်ထမ်းများ အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်) ဝင်းအတွင်း ယနေ့ ကျင်းပသည်။

အားကစားပြိုင်ပွဲများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်နှင့် ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးအောင်အောင်၊ ဒေါ်တင်မိုးမိုး၊ ဦးဝင်းမြင့်၊ ဦးမျိုးမင်း၊ ဒေါ်ခိုင်ရွှေဝါနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ယနေ့ယှဉ်ပြိုင်ပွဲများအဖြစ် အုပ်စုအဆင့် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသား ကြက်တောင်ရိုက်ပြိုင်ပွဲ၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။





မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၆၉) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲများ၊ ထုပ်ဆီးတိုးပြိုင်ပွဲများ၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများ၊ အမျိုးသား/ အမျိုးသမီး ကြက်တောင်ပြိုင်ပွဲများ၊ လွန်ဆွဲပြိုင်ပွဲ များကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးထွန်းအုံ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၇**
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံသည် ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် သုံးထပ်ကျောင်းသားအိပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်း၊ နှစ်ထပ် စာသင်ဆောင်အပေါ် တစ်ထပ် ထပ်မံဖြည့်စွက်ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် အုတ်စီ၊ သံပန်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ စတူဒီယိုအဆောက်အအုံအမိုးပိုင်း ပြုပြင်ခြင်းလုပ်ငန်း၊ အသံလုံနံရံ ပြုပြင်ခြင်းလုပ်ငန်းနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ)၏ လေးခန်းတွဲ လေးထပ်တိုက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့ ညနေပိုင်းတွင် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ၊ အနုပညာ အထက်တန်းကျောင်း (ရန်ကုန်)သို့ ရောက်ရှိပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်လျက်ရှိသော ပေ (၁၁၀ x ၇၀) (RC နှစ်ထပ်) ပန်တျာဌာန သင်ကြားဆောင် အသစ်တစ်လုံး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဗဟန်းမြို့နယ်၊ ယဉ်ကျေးမှုဝင်းအတွင်း၌ (၁၃၀ x ၄၅) ပေ (RC နှစ်ထပ်) (၁၀)ခန်းတွဲ ဝန်ထမ်းအိမ်ရာ တစ်လုံး တည်ဆောက်ခြင်းနှင့် အလျား ပေ ၂၀၀ x အမြင့် ၇ ပေ (RC တိုင်အုတ်၊ သံပန်း) ခြံစည်းရိုးကာရံခြင်း လုပ်ငန်းခွင်များသို့ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၁၇**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ကုသရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့ပေါ်ရှိ ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ တိုင်းဒေသကြီးအဆင့် ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ ဌာနမှူး/ အထူးကုဆရာဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ဆေးရုံအုပ်ကြီးများက ဆေးရုံအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နေမှု၊ (၂၄)နာရီ ပတ်လုံး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေနှင့် အတွင်းလူနာများ ကုသပေးနိုင်ရန် ပြင်ဆင်ထားရှိမှု၊ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာ လက်ခံကုသနိုင်ရေး၊ ICU ပြင်ဆင်ထားရှိမှုများ၊ ခွဲခန်း၊ ဓာတ်မှန်ခန်းနှင့် ခွဲစိတ်ခန်းများ ပြင်ဆင်ထားရန် လိုအပ်ချက်များကို အသေးစိတ်တင်ပြဆွေးနွေးရာ ဒုတိယဝန်ကြီးက လိုအပ်ပါက ဆေးရုံအချို့ရှိ ကျန်းမာရေးဝန်ထမ်းအင်အားများ ပေါင်းစည်းပြီး ဖွင့်လှစ်နိုင်ခြင်းဖြင့် လူနာပိုမို လက်ခံနိုင်ရေးနှင့် ဆေးရုံအင်္ဂါရပ်နှင့်အညီ လူနာများကို ၂၄ နာရီ ကုသမှုခံယူနိုင်စေရန် ဆောင်ရွက်ထားရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ကိုဗစ်-၁၉ အထူးကြပ်မတ်ကုသဆောင်တွင် ကိုဗစ်-၁၉ ရောဂါ ပြင်းထန်လူနာများ ကုသမှုခံယူနိုင်ရန် ပြင်ဆင်ထားရှိမှုကို သွားရောက်စစ်ဆေးကာ အတွင်းလူနာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အာဆီယံပူးတွဲညှိနှိုင်းမှု အစည်းအဝေး ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပ

**နေပြည်တော် ဇွန် ၁၇**
အာဆီယံ ပူးတွဲညှိနှိုင်းမှုအစည်းအဝေး (Joint Consultative Meeting) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးသည် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေး၌ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Her Excellency Emaleen ABD Rahman Teo က အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံအဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံစီးပွားရေးအသိုက်အဝန်းမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များနှင့် အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ၂၀၂၁ ခုနှစ် အာဆီယံ၏ ဦးစားပေးလုပ်ငန်းစဉ်များဖြစ်သည့် ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်နှင့် အာဆီယံအသိုက်အဝန်း အခြေပြုမြေပုံ ၂၀၂၅ ကာလလယ် သုံးသပ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ တုံ့ပြန်တိုက်ဖျက်ရေးအတွက် အာဆီယံ၏ ဦးစားပေးလုပ်ငန်းစဉ်များကိစ္စ၊ ကဏ္ဍအလိုက် မဏ္ဍိုင်အလိုက် ညှိနှိုင်းဆောင်ရွက်ရေးနှင့် အကောင်အထည်ဖော်ရေးကိစ္စ၊ အာဆီယံပေါင်းစည်းဆက်သွယ်မှုဆိုင်ရာကိစ္စ၊ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကုလသမဂ္ဂ ၂၀၃၀ အစီအစဉ်တို့အကြား ပေါင်းစပ်ညှိနှိုင်းမှု မြှင့်တင်ရေးဆိုင်ရာကိစ္စနှင့် ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်တို့သည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပါဝင်တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ အန္တရာယ် ပူးပေါင်းကာကွယ်

မျိုးငြိမ်းငယ်

**ပိုးကူးစက်မှု**

ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ပိုးတွေ့ရှိသူနဲ့ သေဆုံးသူဦးရေ မြင့်တက်လာတာကို တွေ့နေရပါတယ်။ ဒါ့အပြင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းပိုးတွေ့ရှိတဲ့သူ ၁၁ ဦးရှိတယ်လို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ကြေညာထားပါတယ်။

အဲဒီ ၁၁ ဦးဟာ ကလေးမြို့မှာ တစ်ဦး၊ မြိတ်မြို့မှာ သုံးဦး၊ မန္တလေးမြို့မှာ လေးဦး၊ တမူးမြို့မှာ နှစ်ဦးနဲ့ ရန်ကုန်မှာ တစ်ဦးဖြစ်တယ်လို့ ထုတ်ပြန်ထားပါတယ်။ နိုင်ငံအနှံ့လို့ ဆိုရမှာပါ။ မျိုးရိုးဗီဇကွဲရောဂါပိုး သုံးမျိုး စစ်ဆေးတွေ့ရှိကြောင်းလည်း ဇွန်လ ၁၅ ရက်နေ့က ကြေညာထားပါတယ်။ အဲဒီတွေ့ရှိရတဲ့ မျိုးရိုးဗီဇကွဲပိုး သုံးမျိုးထဲမှာ Alpha နဲ့ Delta တို့ဟာ Variants of concern ဖြစ်ပြီး ရောဂါပိုးကူးစက်နိုင်မှုနဲ့ ထပ်မံကူးစက်ပျံ့နှံ့နိုင်မှု ပိုပြီးမြင့်မားတဲ့အပြင် ဆေးရုံတက်ရောက်နိုင်ခြေနဲ့ သေဆုံးနိုင်ခြေလည်း မြင့်မားနိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားပါတယ်။ အဲဒီမျိုးရိုးဗီဇပြောင်းပိုးကို အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယအပြင် အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ စပိန်၊ အိုင်ယာလန်နဲ့ ဆွစ်ဇာလန် နိုင်ငံတို့မှာ တွေ့ရှိရတယ်လို့ ဆိုပါတယ်။

အိမ်နီးချင်း ထိုင်းနိုင်ငံမှာ ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်လို့ နေ့စဉ် ရောဂါပိုးကူးစက်ခံရသူ ထောင်ချီပြီးတွေ့နေပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း လူပေါင်းသိန်းချီပြီး တွေ့နေပါတယ်။ အခုဆို မြန်မာနိုင်ငံမှာ ပိုးကူးစက်မှုမြင့်မားလာတဲ့ လက်ပံတန်းမြို့မှာ အခြေခံပညာကျောင်းတွေကို ဇွန်လ ၁၄ ရက်နေ့က ပိတ်ထားရပါတယ်။ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ထဲမှာလည်း ကူးစက်သူတွေများနေသလို သေဆုံးသူများလည်း ရှိနေပါတယ်။ အခြားမြို့တွေမှာလည်း ကိုဗစ်-၁၉ ပိုးကူးစက်သူတွေ၊ သေဆုံးသူတွေ အခုရက်ပိုင်းအတွင်း နေ့စဉ်ဆိုသလို ပိုမိုမြင့်တက်လာတာဟာ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးအတွက် အချက်ပေးသံတွေပဲ ဖြစ်ပါတယ်။

**ထိန်းချုပ်ကာကွယ်တားဆီးရေး**

ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်တားဆီးရေးနဲ့ ပတ်သက်လို့ ၂၀၂၀ မတ်လကစပြီး ကာကွယ်တားဆီးရေး၊ ကုသရေးတွေ လုပ်ဆောင်ခဲ့တာပါ။ မတ်လ ၂၃ ရက်နေ့မှာ ကိုဗစ်ပိုးကို ပထမဆုံး စတင်တွေ့ရှိခဲ့ပါတယ်။ ကိုဗစ်-၁၉ ပထမလှိုင်းမှာ လူထုရဲ့ လိုက်နာဆောင်ရွက်မှု၊ ပူးပေါင်းလုပ်ဆောင်မှုတွေ များစွာအားကောင်းခဲ့တာတွေ့ရပါတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေ၊ အသိပေးနှိုးဆော်မှုတွေ၊ ကြပ်မတ်မှုတွေနဲ့အညီ လိုက်နာဆောင်ရွက်ခဲ့ကြပါတယ်။

ကိုဗစ်-၁၉ ပထမလှိုင်းမှာ ပိုးကူးစက်မှုနဲ့ သေဆုံးမှုလည်း နည်းပါးခဲ့ပါတယ်။ ၂၀၂၀ မေလ ၂၅ ရက်နေ့အထိ သေဆုံးသူလူနာ ခြောက်ဦးသာရှိခဲ့ပါတယ်။ ဒါပေမယ့် ၂၀၂၀ ဩဂုတ်လ ဒုတိယလှိုင်းဖြစ်ချိန်မှာတော့ မြန်မာနိုင်ငံဟာလည်း အခြားနိုင်ငံများနည်းတူ ပိုးကူးစက်မှုနဲ့ သေဆုံးမှုများခဲ့ပြီး အာဆီယံအတွင်းမှတောင် မြင့်မားခဲ့ပါတယ်။ ထိန်းချုပ်ရေး၊ ကာကွယ်ရေးနဲ့ ကုသရေးတွေ လုပ်ဆောင်နေပေမယ့် ပြည်သူလူထုရဲ့ လိုက်နာမှုက ပထမလှိုင်းထက်စာရင် လျော့နည်းခဲ့ပါတယ်။

**နိုင်ငံရေးအောက်မှ ထိန်းချုပ်ကာကွယ်ရေး**

ဒီလိုအချိန်မှာ ၂၀၂၀ အထွေထွေရွေးကောက်ပွဲ အကြိုမဲဆွယ်ပွဲတွေ၊ သွားလာမှုတွေနဲ့ လူထုလှုပ်ရှားမှုတွေမှာ ကိုဗစ်ကာကွယ်ရေးစည်းကမ်းလိုက်နာမှု လွန်စွာအားနည်းခဲ့ပါတယ်။ ကိုဗစ်-၁၉ စည်းကမ်းနဲ့အညီ ရွေးကောက်ပွဲကျင်းပခဲ့တယ်ဆိုပေမယ့် လိုက်နာသူတွေရှိသလို မလိုက်နာတဲ့သူတွေလည်း အများအပြား တွေ့မြင်ခဲ့ရပါတယ်။

ရွေးကောက်ပွဲအနိုင်ရရှိရေးကိုပဲ အဓိကဦးတည်လုပ်ဆောင်ခဲ့တယ်လို့ ဆိုရမှာပါ။ နိုင်ငံတစ်နိုင်ငံအတွက် ရွေးကောက်ပွဲဟာ အရေးကြီးတယ်ဆိုပေမယ့် အဲဒီအချိန်က ကိုဗစ်-၁၉ ကို နိုင်ငံတိုင်းက အလေးထားရင်ဆိုင်ဖြေရှင်းနေရချိန်ဖြစ်ပါတယ်။ ဒါကြောင့် တစ်ကမ္ဘာလုံးမှာ ကိုယ့်နိုင်ငံအခြေအနေအလိုက် ရွေးကောက်ပွဲကျင်းပတဲ့နိုင်ငံတွေရှိသလို ရွေးကောက်ပွဲရွှေ့ဆိုင်းကြတဲ့ နိုင်ငံတွေလည်း ရှိပါတယ်။

၂၀၂၀ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ကနေ ၂၀၂၁ ခုနှစ် ဇွန်လ ၁ ရက်နေ့အထိ ကိုဗစ်-၁၉ ကြောင့် နိုင်ငံနဲ့ ဒေသဆိုင်ရာ ရွေးကောက်ပွဲတွေကို ရွှေ့ဆိုင်းခဲ့တာ ၇၈ နိုင်ငံရှိပြီး အနည်းဆုံး ၁၂၂ နိုင်ငံကတော့ နိုင်ငံလုံးဆိုင်ရာနဲ့ ဒေသဆိုင်ရာ ရွေးကောက်ပွဲတွေကို ကျင်းပခဲ့တယ်လို့ IDEA က ဖော်ပြထားပါတယ်။ နိုင်ငံရေးနဲ့ ရောဂါကာကွယ်ရေး ချင့်ချိန်ဆုံးဖြတ်ရမယ့်အချိန်လို့ မြင်မိပါတယ်။ မြန်မာနိုင်ငံမှာတော့ ကိုဗစ်-၁၉ ဒုတိယလှိုင်းဖြစ်နေချိန်မှာပဲ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပါတယ်။

ကိုဗစ် ဒုတိယလှိုင်းနဲ့အတူ ရွေးကောက်ပွဲကြိုကာလနဲ့ ရွေးကောက်ပွဲကာလဖြစ်တဲ့ နိုဝင်ဘာလမှာ ကူးစက်မှုနဲ့ သေဆုံးမှုအများဆုံးဖြစ်တာကို တွေ့ရပါတယ်။ ရွေးကောက်ပွဲပြီးတဲ့နောက်ပိုင်းမှာလည်း ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုတွေ၊ လူစုလူဝေးနဲ့ ကန့်ကွက်ဆန္ဒပြတဲ့သူတွေ၊ ထောက်ခံဆန္ဒပြတဲ့သူတွေနဲ့ ကိုဗစ်စည်းကမ်းတွေကို လိုက်နာတဲ့သူ၊ မလိုက်နာတဲ့သူတွေကို တွေ့ရပါတယ်။

၂၀၂၁ ဖေဖော်ဝါရီလကစပြီး ပိုးစစ်ပေးနိုင်မှု နည်းပါးခဲ့တာကြောင့် ပိုးတွေ့မှုလည်း နည်းပါးခဲ့ပါတယ်။ နိုင်ငံရေးအကျပ်အတည်းဖြစ်လာချိန်မှာ နိုင်ငံရေးလွှမ်းမိုးမှုတွေနဲ့ နိုင်ငံရေးအမြတ်ထုတ်လိုမှုတွေကြောင့် ပိုးစစ်ဆေးပေးနိုင်မှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ကျဆင်းခဲ့ပါတယ်။ နိုင်ငံရေးအကျိုးအမြတ်အတွက် လူထုကျန်းမာရေးစနစ်အပေါ် အသုံးချခြင်းဟာ မသမာတဲ့နိုင်ငံရေးလို့ ဆိုရမှာပါ။ လူစုလူဝေးနဲ့ လုပ်ဆောင်နေတာတွေ၊ ကိုဗစ်ကာကွယ်ဆေးမထိုးဖို့ လှုံ့ဆော်တိုက်တွန်းတာတွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို CDM ပြုလုပ်ဖို့ တိုက်တွန်းတာ၊ မဲဆွယ်တာ၊ ခြိမ်းခြောက်တာတွေဟာ လွဲမှားတဲ့လုပ်ဆောင်ချက်လို့ ဆိုရမှာပါ။ အဲဒီအတွက် အကျိုးဆက်ကတော့ ကိုဗစ်ကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးမှာ အားနည်းခဲ့ရပြီး ယခုဆို ပိုးတွေ့လူနာနဲ့ သေဆုံးမှု ပြန်လည်မြင့်တက်လာခဲ့ပါတယ်။

> **နိုင်ငံရေးဟာ နိုင်ငံ့အကျိုးစီးပွား၊ လူထုအကျိုးစီးပွားအတွက် တစ်နည်းအားဖြင့် အမျိုးသားအကျိုးစီးပွားအတွက် ပြည်သူလူထုကိုယ်စား လုပ်ဆောင်ခြင်းလို့ နားလည်ပါတယ်။ ဒါပေမယ့် နိုင်ငံနဲ့ လူထုအကျိုးစီးပွားအတွက်မဟုတ်ဘဲ လူထုကိုအသုံးချပြီး ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်နေခြင်းဟာ နိုင်ငံရေးလို့ မသတ်မှတ်နိုင်ပါဘူး။ ဒီလိုအချိန်မှာ နိုင်ငံရေးနဲ့ ကိုဗစ်ကပ်ရောဂါကို ခွဲခြားရှုမြင်ကြပြီး တတိယလှိုင်းကို အချိန်မီ ကာကွယ်ထိန်းချုပ်နိုင်မှသာ ကိုဗစ်ကြောင့် ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကို ကာကွယ်နိုင်ပါလိမ့်မယ်။**

**နောက်ဆက်တွဲအကျိုးသက်ရောက်မှု**

ကမ္ဘာလုံးချီဖြစ်ပွားတဲ့ ကူးစက်မြန်ကပ်ရောဂါကြောင့် ဖြစ်လာတဲ့အကျိုးဆက်တွေဟာ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များသာမကပါဘူး။ စီးပွားရေးအကျိုးဆက်တွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေ၊ ဆင်းရဲမွဲတေမှုတွေ၊ အလုပ်အကိုင်ရှားပါးမှုတွေအပြင် တစ်ဦးချင်းဝင်ငွေတွေအထိ အကျိုးသက်ရောက်နေတာ ဖြစ်ပါတယ်။ စီးပွားရေးအင်အား၊ ဘဏ္ဍာရေးအင်အားတောင့်တင်းတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတောင် ကိုဗစ်-၁၉ ရဲ့ နောက်ဆက်တွဲအကျိုးဆက်တွေကို ခံစားနေရချိန်မှာ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ နိုင်ငံတွေအတွက်တော့ ဆိုဖွယ်ရာမရှိပါဘူး။ ဒီတော့ ကိုဗစ်ကူးစက်မှု ထိန်းချုပ်ကာကွယ်ခြင်းနဲ့အတူ စီးပွားရေးပြန်လည်ကောင်းမွန်လာရေး ဆက်လက်လုပ်ဆောင်ကြရဦးမှာပါ။

မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ကိုဗစ်-၁၉ အကျိုးဆက်ကြောင့် မြန်မာနိုင်ငံရဲ့ ဆင်းရဲမွဲတေမှုနှုန်း မြင့်မားလာနိုင်တယ်လို့ ယခင်ကတည်းက ခန့်မှန်းခဲ့ကြတာပါ။ ၂၀၀၅ ခုနှစ်က မြန်မာနိုင်ငံရဲ့ ဆင်းရဲမွဲတေမှုနှုန်းဟာ ၄၈ ဒသမ ၂ ရာခိုင်နှုန်းရှိပါတယ်။ ၂၀၁၇ မှာတော့ ဆင်းရဲမှုနှုန်း ၂၄ ဒသမ ၈ ရာခိုင်နှုန်းထိ လျော့ကျခဲ့ပါတယ်။ ဒါပေမယ့် ယခု နိုင်ငံရေးဆိုင်ရာအကျပ်အတည်းနဲ့ ကိုဗစ်ဆိုင်ရာတွေကြောင့် ၂၀၂၂ မှာ မြန်မာနိုင်ငံလူဦးရေရဲ့ တစ်ဝက်လောက်ဟာ ဆင်းရဲမှုကြုံတွေ့လာနိုင်တယ်လို့ UNDP က ခန့်မှန်းထားပါတယ်။

ကိုဗစ်-၁၉ စတင်ဖြစ်ပွားတဲ့အချိန်ကစပြီး ရပ်ဆိုင်းထားရတဲ့လုပ်ငန်းတွေ၊ တုံ့နှေးနေတဲ့လုပ်ငန်းတွေ၊ ပိတ်သိမ်းလိုက်ရတဲ့လုပ်ငန်းတွေဟာ အခုအချိန်အထိ ပုံမှန်အနေအထားကို မရောက်ရှိသေးပါဘူး။ လက်လုပ်လက်စားဘဝတွေ၊ ဝင်ငွေနည်း မိသားစုတွေအတွက် ပုံမှန်ဝင်ငွေရရှိဖို့ များစွာအခက်အခဲကြုံနေကြရပါတယ်။ ဝင်ငွေလျော့နည်းကျဆင်းလာတဲ့အချိန်မှာ ကုန်ဈေးနှုန်းကြီးမြင့်လာမှုကလည်း တစ်ပူပေါ်နှစ်ပူဆင့်တဲ့ အခြေအနေဖြစ်ဆဲပါ။ သက်ရောက်မှုကြီးမားတဲ့ အကျိုးဆက်တွေပါပဲ။

**တတိယလှိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှု**

နိုင်ငံရေးဆိုင်ရာ စိတ်ဝမ်းကွဲမှုတွေ၊ စိန်ခေါ်မှုတွေနဲ့ နိုင်ငံရေးအကျပ်အတည်းကာလမှာ ကူးစက်မြန်ပြီး သေဆုံးမှုမြင့်မားတဲ့ မျိုးရိုးဗီဇပြောင်းကိုဗစ်ပိုး တွေ့ရှိခြင်းဟာ နိုင်ငံအတွက်ရော လူထုအတွက်ပါ ပိုမိုအကျပ်အတည်းဖြစ်စေနိုင်ပါတယ်။ မျိုးရိုးဗီဇပြောင်းပိုးတွေ့နေချိန်မှာတောင်မှ လူစုလူဝေးနဲ့ ဆန္ဒပြမှုတွေဟာ open space မှာ လုပ်ကြတာဖြစ်လို့ ပိုးကူးစက်နိုင်ခြေနည်းတယ်လို့ဆိုတဲ့သူက ဆိုနေပါတယ်။

ကိုယ့်ရဲ့ နိုင်ငံရေးအကျိုးစီးပွားအတွက် လူထုကိုအသုံးချနေခြင်းသာ ဖြစ်ပါတယ်။ ကိုဗစ်ပိုးကတော့ နိုင်ငံရေးအသွေးအရောင်တွေ၊ ဝါဒတွေ၊ လူမျိုးတွေ၊ ဘာသာတွေ၊ အသက်အရွယ်တွေ၊ ဆင်းရဲချမ်းသာတွေ မခွဲခြားပါဘူး။ ကမ္ဘာ့အနှံ့အပြားမှာ ပိုးကူးစက်မှုတွေ ဖြစ်နေတာပါ။ ကိုဗစ်ကာကွယ်ရေးစည်းကမ်း မလိုက်နာသရွေ့ ပိုးကူးစက်နိုင်ခြေရှိနေမှာ သေချာပါတယ်။

နိုင်ငံရေးဟာ နိုင်ငံ့အကျိုးစီးပွား၊ လူထုအကျိုးစီးပွားအတွက် တစ်နည်းအားဖြင့် အမျိုးသားအကျိုးစီးပွားအတွက် ပြည်သူလူထုကိုယ်စား လုပ်ဆောင်ခြင်းလို့ နားလည်ပါတယ်။ ဒါပေမယ့် နိုင်ငံနဲ့ လူထုအကျိုးစီးပွားအတွက်မဟုတ်ဘဲ လူထုကို အသုံးချပြီး ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်နေခြင်းဟာ နိုင်ငံရေးလို့ မသတ်မှတ်နိုင်ပါဘူး။ ဒီလိုအချိန်မှာ နိုင်ငံရေးနဲ့ ကိုဗစ်ကပ်ရောဂါကို ခွဲခြားရှုမြင်ကြပြီး တတိယလှိုင်းကို အချိန်မီ ကာကွယ်ထိန်းချုပ်နိုင်မှသာ ကိုဗစ်ကြောင့် ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကို ကာကွယ်နိုင်ပါလိမ့်မယ်။

ကိုဗစ်တတိယလှိုင်းကို ထိထိရောက်ရောက် ကာကွယ်ဖို့အတွက် ကိုဗစ်စည်းကမ်းတွေ အလေးထားလိုက်နာဖို့လိုသလို ကိုဗစ်ကာကွယ်ဆေးထိုးနှံကြဖို့လည်း လိုပါတယ်။ တစ်ဦးချင်းစီရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကိုဗစ်တတိယလှိုင်းကို အလေးထားကာကွယ်ကြရမှာပါ။ နိုင်ငံရေး သွေးထိုးလှုံ့ဆော်မှု၊ ဝါဒဖြန့်မှု၊ အသုံးချမှု၊ တိုက်တွန်းမှု၊ ခြိမ်းခြောက်မှုတွေထက် လူသားဘဝလုံခြုံမှုကို ဦးစားပေးလုပ်ဆောင်ကြဖို့ လိုပါလိမ့်မယ်။

တစ်ဦးချင်းဘဝ လုံခြုံရေးအတွက်သာမက မိမိပတ်ဝန်းကျင်၊ မိမိမြို့ရွာနဲ့ မိမိနိုင်ငံသားအားလုံး ဘဝလုံခြုံဖို့ဦးစွာလိုအပ်မှာပါ။ ဘယ်လောက်ပဲငွေကြေးချမ်းသာချမ်းသာ၊ ရာထူးအာဏာတွေ ဘယ်လောက်ပဲရှိရှိ၊ ပညာတွေ ဘယ်လောက်ပဲတတ်တတ် ကျန်းမာရေးမကောင်းရင် ဘာမှတန်ဖိုးမရှိဘူးဆိုသလိုပါပဲ။ ဒါကြောင့် လူတစ်ဦးချင်းစီရဲ့ ကျန်းမာရေး၊ လူထုတစ်ရပ်လုံး ကျန်းမာရေးအတွက် ဦးစားပေးလက်တွဲဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

အခုလိုကိုဗစ်-၁၉ တတိယလှိုင်းစတင်နေချိန်မှာ နိုင်ငံရေးအသွေးအရောင်တွေ၊ အယူအဆတွေထက် ကိုဗစ်အန္တရာယ်ကာကွယ်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ကိုဗစ်အန္တရာယ် ပူးပေါင်းဆောင်ရွက်ခြင်းဟာ ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်လို့ နိုင်ငံရေးလုပ်ဆောင်မှုတစ်မျိုးလို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ တတိယလှိုင်းကို ကျော်လွှားနိုင်ဖို့ ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းလိုပါတယ်။

> **အခုလို ကိုဗစ်-၁၉ တတိယလှိုင်း စတင်နေချိန်မှာ နိုင်ငံရေးအသွေးအရောင်တွေ၊ အယူအဆတွေထက် ကိုဗစ်အန္တရာယ်ကာကွယ်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ကိုဗစ်အန္တရာယ်ပူးပေါင်းဆောင်ရွက်ခြင်းဟာ ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်လို့ နိုင်ငံရေးလုပ်ဆောင်မှုတစ်မျိုးလို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ တတိယလှိုင်းကိုကျော်လွှားနိုင်ဖို့ ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းလိုပါတယ်။**

# ဇွန် ၁၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၆၂ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၆-၆-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၇-၆-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၁၇၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၆၂)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၆၁,၉၈၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၆,၇၆၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၃၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၃,၃၄၆)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၇-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၅၃၉) ခု | (၂၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၀) ခု | (၃၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅၂) ခု | (၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၇) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၅) ခု | - |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၃၀) ခု | (၇) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၀၂) ခု | (၂၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၈၀) ခု | (၁၆၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၅၀) ခု | (၉၈) ဦး |
| စုစုပေါင်း | (၄,၁၇၆) ခု | (၃၆၂) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၃၆၆၃၆၂ | ၂၈၆၁၆၇၆၀ | ၆၁၆၁၅၇ |
| ၂။ | အိန္ဒိယ | ၂၉၇၁၈၀၄၈ | ၂၈၅၀၉၃၆၉ | ၃၈၂၂၈၉ |
| ၃။ | ဘရာဇီး | ၁၇၆၂၉၇၁၄ | ၁၆၀၃၀၆၀၁ | ၄၉၃၈၃၇ |
| ၄။ | ပြင်သစ် | ၅၇၄၇၆၄၇ | ၅၅၂၅၀၅၁ | ၁၁၀၅၇၈ |
| ၅။ | တူရကီ | ၅၃၄၈၂၄၉ | ၅၂၁၅၆၅၄ | ၄၈၉၅၀ |
| ၆။ | ရုရှား | ၅၂၆၄၀၄၇ | ၄၈၃၉၇၀၅ | ၁၂၇၉၉၂ |
| ၇။ | ဗြိတိန် | ၄၅၈၉၈၁၄ | ၄၂၉၄၅၀၆ | ၁၂၇၉၂၆ |
| ၈။ | အီတလီ | ၄၂၄၈၄၃၂ | ၄၀၁၉၄၂၄ | ၁၂၇၁၅၃ |
| ၉။ | အာဂျင်တီးနား | ၄၁၉၈၆၂၀ | ၃၇၉၁၉၇၉ | ၈၇၂၆၁ |
| ၁၀။ | ကိုလံဘီယာ | ၃၈၂၉၈၇၉ | ၃၅၆၅၁၅၈ | ၉၇၅၆၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၉၅၀၂၇၆ | ၁၇၇၁၂၂၀ | ၅၃၇၅၃ |
| ၂။ | ဖိလစ်ပိုင် | ၁၃၃၉၄၅၇ | ၁၂၅၇၇၇၄ | ၂၃၂၇၆ |
| ၃။ | မလေးရှား | ၆၇၈၇၆၄ | ၆၀၈၄၆၅ | ၄၂၀၂ |
| ၄။ | ထိုင်း | ၂၀၇၇၂၄ | ၁၇၂၃၁၆ | ၁၅၅၅ |
| ၅။ | မြန်မာ | ၁၄၆၇၆၈ | ၁၃၃၃၄၆ | ၃၂၅၀ |
| ၆။ | စင်ကာပူ | ၆၂၃၆၆ | ၆၁၉၃၁ | ၃၄ |
| ၇။ | ကမ္ဘောဒီးယား | ၄၀၇၈၂ | ၃၅၀၃၀ | ၃၈၀ |
| ၈။ | ဗီယက်နမ် | ၁၂၀၁၄ | ၄၆၅၃ | ၆၁ |
| ၉။ | လာအို | ၂၀၃၄ | ၁၉၂၄ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၅၀ | ၂၃၉ | ၃ |

# ဒီနေ့အတွက် သိကောင်းစရာ (၇)

## သွေးလွန်တုပ်ကွေးရောဂါ လုံးဝမဖြစ်အောင်ကာကွယ်ဖို့ ဘာတွေလုပ်ရမှာလဲ?

❖ နေအိမ်နှင့် ပတ်ဝန်းကျင်ရှိ ခြင်ကျားလောက်လမ်းပေါက်ပွားနိုင်တဲ့ ရေကြည်ရေသန့် သိုလှောင်ရာနေရာတွေနဲ့ ရေတင်ကျန်ရှိနိုင်တဲ့နေရာတွေမှာ **ခြင်ကျားလောက်လမ်းလုံးဝမရှိဖို့လိုပါတယ်။**

❖ ခြင်ကျားလောက်လမ်းမရှိပါက ခြင်ကျားပေါက်ပွားခြင်းမရှိတဲ့အတွက် **သွေးလွန်တုပ်ကွေးရောဂါလည်း လုံးဝမဖြစ်ပွားနိုင်ပါဘူး။** ဒါကြောင့် မိမိအိမ်၊ ကျောင်းနဲ့ ပတ်ဝန်းကျင်မှာ ခြင်ကျားလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို တစ်ပတ်လျှင် (၁)ကြိမ် ဆောင်ရွက်ရမှာဖြစ်ပါတယ်–

- ❍ ရေစည်၊ ရေအိုးများကို စနစ်တကျ **ဖုံးအုပ်**ထားပါ။
- ❍ ရေလဲလှယ်နိုင်တဲ့ ရေစည်၊ ရေကန်များကို တစ်ပတ်လျှင် အနည်းဆုံး (၁)ကြိမ် **ရေလဲလှယ်**ပါ။ (သို့မဟုတ်) **ရေစစ်**ခြင်းများကို ဆောင်ရွက်ပါ။
- ❍ ရေလဲလှယ်သော်လည်း ခြင်ဥများက ရေစည်ရေအိုးများ၏နံရံများတွင် ကပ်တင်ကျန်လေ့ရှိတဲ့အတွက် အတွင်းပိုင်းနံရံများကိုပါ အထူးသတိပြု၍ သေချာစွာ **တိုက်ချွတ်**ဆေးကြောပါ။
- ❍ ရေတင်ကျန်နိုင်တဲ့ စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များကို ရေမတင်စေရန် စနစ်တကျ**စွန့်ပစ်ပါ။**
- ❍ မလှယ်၊ မသွန်၊ မစစ်နိုင်သော ရေစည်များနှင့် ရေအိုးများကို **ခြင်ကျား၊ ပိုးလောက်လမ်းသေဆေး (အဘိတ်)ခတ်ရန်** နီးစပ်ရာကျန်းမာရေးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပါ။
- ❍ **အိမ်တွင်း/အိမ်ပြင်** ခြင်ခိုအောင်း ပေါက်ပွားနိုင်သောနေရာများကို တစ်ပတ်လျှင် (၁)ကြိမ် ဖယ်ရှား**ရှင်းလင်း**ပါ။

❖ ဒါ့အပြင် ခြင်ကိုက်မခံရအောင်နေထိုင်ပါ။ အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်တို့ကို ဝတ်ပေးပါ။ ကလေး၊ လူကြီးအားလုံး နေ့ခင်းဖြစ်စေ/ ညဖြစ်စေ ခြင်ထောင်ဖြင့် အိပ်ပါ။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# ဘဝနတ်ထံစံလွန်တော်မူသော နိုင်ငံတော်သြဝါဒါစရိယ၊ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမ ဈေးကုန်းပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ ဒေါက်တာ ဘဒ္ဒန္တကဝိသာရ မဟာထေရ် ဆရာတော်ကြီး၏ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တကိုအာရုံပြု၍ ပတ္တိဒါနအနုမောဒနာတရားတော် နာယူရေစက်ချ အမျှပေးဝေ

**ပျဉ်းမနား ဇွန် ၁၇**

ဘဝနတ်ထံစံလွန်တော်မူသော နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဒေါက်တာ ဘဒ္ဒန္တ ကဝိသာရ သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါရှိ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဆရာတော်ကြီး၏ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တကိုအာရုံပြု၍ ပတ္တိဒါနအနုမောဒနာတရားတော်နာယူ ရေစက်ချအမျှပေးဝေမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းပရိယတ္တိ စာသင်တိုက်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော် ကောင်စီဝင်များဖြစ်သည့် ဦးဇေယျာလင်း၊ ဦးမြင့်စိုးနှင့် ဧည့်ပရိသတ်များက ဥပ္ပါတသန္တိစေတီတော်သြဝါဒါစရိယဆရာတော်၊ နေပြည်တော်တိုင်းသံဃနာယကဥက္ကဋ္ဌ၊ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ ပတ္တိဒါနအနုမောဒနာတရားတော် နာယူကြသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်ကြီးများထံ ဆွမ်း၊ ရေချမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ ရေစက်သွန်းချအမျှပေးတရားတော်များနာယူကာ အမျှပေးဝေခဲ့ကြသည်။

**စိုးမိုး(ပြန်/ဆက်)**

# ဈေးကွက်လိုအပ်ချက်ရှိနေသည့် သီးနှံများဖြစ်စေရေးအတွက် သီးနှံပုံစံများ စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်

**နေပြည်တော် ဇွန် ၁၇**

ရေခံမြေခံကောင်းရှိသော စစ်ကိုင်းတိုင်းဒေသကြီး၏ လယ်ယာထွက်ကုန်များအနေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်စေရေးနှင့် ဈေးကွက်လိုအပ်ချက်ရှိနေသည့် သီးနှံများထုတ်လုပ်နိုင်ရေးအတွက် သီးနှံပုံစံများ စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်မှု ဖွံ့ဖြိုးလာရေးအတွက် ရင်းနှီးမြှုပ်နှံသူများအား အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဇွန် ၁၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးတွင် ကျင်းပသည့် လယ်ယာကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရတို့ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဆွေးနွေးပြောကြားသည်။



ဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် ကောင်စီဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းအဆင့်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် ကောင်စီဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းအဆင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၏ လယ်ယာကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းရုံးအဆောက်အအုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

အလားတူ မြင်းမူမြို့နယ် ထီးဆောင်ကျေးရွာရှိ ဒေသနွားမျိုးထိန်း၊ မျိုးပွားနှင့် တိရစ္ဆာန်အစားအစာဖွံ့ဖြိုးရေးသုတေသနခြံသို့ သွားရောက်ပြီး ဒေသနွားမျိုးရင်းများ ထိန်းသိမ်းရေး၊ ဒေသမျိုးရင်းနွားများနှင့် တိရစ္ဆာန်အစာထုတ်လုပ်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ပျော့ရွာလျှပ်စစ်မြစ်ရေတင် GAP စနစ်ဖြင့် စိုက်ပျိုးထားရှိသော မိုးကြိုပဲတီစိမ်း စိုက်ခင်းတွင် ဥကပ်ပါးနဂိုလွတ်၍ ဓါဝနည်းဖြင့် ဖျက်ပိုးကာကွယ်နှိမ်နင်းခြင်းကွင်းသရုပ်ပြပွဲသို့ ရောက်ရှိကြပြီး ဒေသနေတောင်သူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ရန်ကုန်မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက်ပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် အမှတ် (၆) ရပ်ကွက် ဟံသာဝတီလမ်းရှိ ကျိုက္ကဆံချောင်းသို့ ရောက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ရေစီးရေလာစီမံခန့်ခွဲမှုဌာနက Excavator စက်ယန္တရား၊ လူအင်အားတို့ဖြင့် ချောင်းအတွင်းမှ အမှိုက်သရိုက်၊ ဗေဒါနှင့် နုန်းများ ဆယ်ယူရှင်းလင်း၍ ရေစီးရေလာ ကောင်းမွန်စေရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ ဗိုလ်ချုပ်ပန်းခြံတွင် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနနှင့် ရေအရင်းအမြစ်နှင့် ရေပေးဝေရေးဌာနတို့မှ ဆောင်ရွက်လျက်ရှိသော ဗိုလ်ချုပ်ပန်းခြံ မြေယာရှုခင်းအလှပြုပြင်ဆောင်ရွက်နေမှု၊ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းနှင့် နတ်မောက်လမ်းသွယ် (၁) တို့မှ ကန်တော်ကြီးသို့ ဝင်ရောက်သည့် ရေဝင်ပေါက်များ ရှင်းလင်းနေမှု၊ ကန်တော်ကြီးကြာကန်အား သန့်ရှင်းကြည်လင်မှုရှိစေရန် Amphibious ယာဉ်နှင့် Aquamarine ယာဉ်များဖြင့် မှော်ပင်၊ ဒိုက်ပင်များအား ဆယ်ယူရှင်းလင်းနေမှု၊ Copper Sulphate ဆေးရည်ဖျန်းနေမှု၊ ရန်ကုန်မြို့နှင့် ညီအစ်မမြို့တော်အဖြစ် ချစ်ကြည်ရေးတည်ဆောက်ထားသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယန်ကျိုးမြို့မှ လှူဒါန်းထားသော လှေကို ပြန်လည်ပြုပြင်တည်ဆောက်နေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။





**သတင်းစဉ်**

○

# ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ကြို့ကုန်း)တွင် ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ရေလုပ်သားများ ပင်လယ်ပြင်တွင်ကြုံရမည့် အခက်အခဲများ ဖြေရှင်းနိုင်ရန်နှင့် လုပ်ငန်းခွင်အရည်အသွေး တိုးတက်လာစေရန်ရည်ရွယ်၍ ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်း (၁/၂၀၂၁) ကို ယနေ့တွင် အင်းစိန်မြို့နယ် ကြို့ကုန်းရှိ ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ကြို့ကုန်း)၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်း ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးတင်ထွဋ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်းဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်နှင့် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်နိုင်တို့က အမှာစကားများ ပြောကြားသည်။

သင်တန်းကို သင်တန်းသား ရေလုပ်သား ၃၀ တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇွန် ၁၇ ရက်မှ ၁၉ ရက်အထိ ဖြစ်သည်။ သင်တန်းတွင် ပင်လယ်ငါးဖမ်း ရေလုပ်သားများအတွက် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုမရှိစေရေး၊ လုပ်ငန်းခွင် ကျန်းမာရေးနှင့် အသက်အန္တရာယ် ကင်းရှင်းစေရေး၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေဆိုင်ရာ သိကောင်းစရာများ၊ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေး ကိရိယာနှင့် ပတ်သက်သည့် ညွှန်ကြားချက်များ၊ ဆိပ်ကမ်းအကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ ရှေးဦးပြုစုခြင်းနှင့် ရေကြောင်းပညာပေးဆိုင်ရာ သိကောင်းစရာများ စသည်တို့ကို ကျွမ်းကျင်ပညာရှင်များက သင်ကြားဆွေးနွေး ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## သီရိလင်္ကာနိုင်ငံမြို့တော် ကိုလံဘိုၶ အိန္ဒိယဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့လျက်ရှိ



**ကိုလံဘို ဇွန် ၁၇**

သီရိလင်္ကာနိုင်ငံမြို့တော် ကိုလံဘိုၶ လူအစုလိုက်အပြုံလိုက် အိန္ဒိယဗီဇပြောင်းဗိုင်းရပ်စ် B.1.617.2 ကူးစက်ခံရမှုကို ပထမဆုံး စတင်တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ကိုလံဘိုမြို့ ဒီမာတာဂိုဒါဒေသမှ ဒေသခံငါးဦး၏ သွေးနမူနာကို စစ်ဆေးခဲ့ရာ အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း တွေ့ရှိရသည်ဟု ဆရီဂျာရီဝါဒီနီပူရာတက္ကသိုလ် ရောဂါခုခံစွမ်းအားဆိုင်ရာပညာရပ်ဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာချန်ဒီမာဂျီဝမ်ဒါရာက ပြောကြားသည်။

နိုင်ငံအတွင်း တွေ့ရှိရသော အခြားဗီဇပြောင်း ဗိုင်းရပ်စ်များအနက် ဒယ်လ်တာအမျိုးအစားဗိုင်းရပ်စ်သည်အယ်လ်ဖာ အမျိုးအစားဗိုင်းရပ်စ်ထက် လက်ရှိအချိန်တွင် ပိုမိုလျင်မြန်စွာ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။ နိုင်ငံအတွင်း လက်ရှိအချိန်တွင် တင်းကျပ်သော အသွားအလာကန့်သတ်မှုများ ချမှတ်ထားဆဲဖြစ်သည်။

နိုင်ငံအတွင်းရှိ ဒေသအများအပြားနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားစောင့်ကြည့်ရေးစင်တာများတွင်လည်း အဆိုပါ ဒယ်လ်တာအမျိုးအစားဗိုင်းရပ်စ်နှင့် အယ်လ်ဖာအမျိုးအစား ဗိုင်းရပ်စ်ကူးစက်ခံရမှုများ တွေ့ရှိနေရကြောင်း ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရမှုများ ကျဆင်းစေရေးအတွက် ယခုနှစ် ဩဂုတ်လမှ စက်တင်ဘာလအတွင်း နိုင်ငံလူဦးရေ၏ အနည်းဆုံး ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် အစိုးရက ဆောင်ရွက်လျက်ရှိသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

## ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ခုနစ်သန်းကျော် ထိုးနှံပေးပြီးဖြစ်



**ဗန်ကောက် ဇွန် ၁၇**

ထိုင်းနိုင်ငံ၌ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၇၀၀၃၇၈၃လုံးကို နိုင်ငံသားများအား ထိုးနှံပေးခဲ့ ပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံလူဦးရေ၏ ၅ ဒသမ ၁ သန်း (၇ ဒသမ ၃ ရာခိုင်နှုန်း) မှာ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူပြီး ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့က ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။ ထိုင်းနိုင်ငံက လာမည့်လေးလအတွင်း နိုင်ငံတကာခရီးသည်များ နိုင်ငံအတွင်းသို့ ပြန်လည်လာရောက် လည်ပတ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါရည်မှန်းချက် အောင်မြင်စေရေးအတွက် ဇူလိုင်လမှစတင်၍ တစ်လလျှင် ကာကွယ်ဆေးအလုံးရေ ၁၀ သန်းကို နိုင်ငံသားများအား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၀၇၇၂၄ ဦးနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၅၅၅ ဦးရှိကြောင်း သိရသည်။

လာမည့်လမှစတင်ပြီး နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံသားများနှင့် နိုင်ငံတကာမှ လာရောက်သော ခရီးသည်များအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားခွဲခြားစောင့်ကြည့်ရေး စည်းမျဉ်းများကို အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

## အိန္ဒိယနိုင်ငံ၏ Biological E ဆေးဝါးကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၉၀ ရာခိုင်နှုန်း ထိရောက်နိုင်ခြေရှိ

**နယူးဒေလီ ဇွန် ၁၇**

အိန္ဒိယနိုင်ငံ တယ်လာဂါနာပြည်နယ် အခြေစိုက် Biological E ဆေးဝါးကုမ္ပဏီထုတ် Corbevax ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ရောဂါကာကွယ်ရန်အတွက် ၉၀ ရာခိုင်နှုန်းခန့် ထိရောက်မှုရှိမည်ဟု မျှော်လင့်ရပြီး ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် ထူးခြားသောအပြောင်းအလဲ ဖန်တီးပေးသည့် ကာကွယ်ဆေးတစ်မျိုး ဖြစ်လာနိုင်ဖွယ်ရှိကြောင်း အိန္ဒိယနိုင်ငံ၏ အမျိုးသားကာကွယ်ဆေး စိစစ်အကြံပြုရေးအဖွဲ့ အကြီးအကဲ ဒေါက်တာအင်န်ကေအာရိုရာက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ Biological E ဆေးဝါးကုမ္ပဏီထုတ် အဆိုပါကာကွယ်ဆေးကို တတိယအဆင့် လက်တွေ့စမ်းသပ်လျက်ရှိပြီး ယခုနှစ် အောက်တိုဘာလတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် သုံးစွဲနိုင်မည်ဖြစ်ကြောင်း အာရိုရာက ဒေသဆိုင်ရာ ရုပ်သံလိုင်းတစ်ခုနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

Corbevax ဟု အမည်ပေးထားမည့် Biological E ကုမ္ပဏီထုတ် အဆိုပါ ကာကွယ်ဆေးသည် Novavax ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆင်တူပြီး လာမည့်အောက်တိုဘာလတွင် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်ရွက်လျက်ရှိ**

အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ပြည်တွင်းဖြစ် Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုးဖြင့် ယခုနှစ် ဇန်နဝါရီ ၁၆ ရက်မှစ၍ နိုင်ငံတစ်ဝန်း ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အိန္ဒိယအစိုးရသည် ရုရှားနိုင်ငံ၏ Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုလည်း အသုံးပြုလျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**




## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၇၇၈၉၈၀၅၈ ဦး

သေဆုံးသူ
၃၈၅၀၇၁၉ ဦး

ပြန်လည်ကျန်းမာလာသူ
၁၆၂၄၀၇၇၁၈ ဦး

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အသွားအလာကန့်သတ်မှုကာလ သက်တမ်းတိုးမြှင့်

**ဒါကာ ဇွန် ၁၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လက်ရှိချမှတ်ထားသော အသွားအလာကန့်သတ်မှုများကို ဇူလိုင်၁၅ ရက်အထိ သက်တမ်းထပ်မံတိုးမြှင့်ကြောင်း အစိုးရက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်းရှိ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်သည့်နေရာများနှင့် အပန်းဖြေစခန်းများကို ဆက်လက်ပိတ်ထားရန်လည်း ဝန်ကြီးအဖွဲ့က ယမန်နေ့တွင် ထုတ်ပြန်သော အမိန့်တွင်ညွှန်ကြားသည်။

သို့ရာတွင် အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများက ဖွင့်လှစ်သော ငွေကြေးဝန်ဆောင်မှုဆိုင်ရာအဖွဲ့အစည်းများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ ဖွင့်လှစ်ခွင့်ပြုသည်။ အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များကိုလည်း ခရီးသည်ပမာဏ ထက်ဝက်ခန့်ဖြင့် ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို လိုက်နာဆောင်ရွက်စေပြီး ပြေးဆွဲခွင့်ပြုကြောင်းသိရသည်။

နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု များပြားသော ဒေသများတွင် အသွားအလာကန့်သတ်ခြင်းအပါအဝင် လိုအပ်သော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ထပ်မံချမှတ်ရန် တာဝန်ရှိသူများက ညွှန်ကြားသည်။ အိန္ဒိယနိုင်ငံနှင့် ထိစပ်နေသော ခရိုင်များတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လာခြင်းကြောင့် ယခုကဲ့သို့ ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို တင်းကျပ်ထားခြင်းဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမကျေးရွာ၌ မီးလောင်ခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်၍ ဖြစ်စဉ်အမှန်အား သတင်းထုတ်ပြန်ခြင်း





**နေပြည်တော် ဇွန် ၁၇**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမကျေးရွာရှိ ဖောက်ခွဲရေးပစ္စည်းများနှင့် လက်လုပ်သေနတ်များ ပြုလုပ်ရောင်းချနေသူများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စဉ် ကျေးရွာအနီးအရောက် လက်နက်ကိုင်အကြမ်းဖက်သူများက ပစ်ခတ်တိုက်ခိုက်၍ ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့မှုဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

ထိုသို့ ကင်းမကျေးရွာရှိ လူနေအိမ်များအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့မှုနှင့် ပတ်သက်၍ သတင်းမီဒီယာအချို့က လူမှုကွန်ရက်စာမျက်နှာပေါ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် မဟုတ်မမှန် စွပ်စွဲရေးသားနေကြသည်ကို တွေ့ရှိရသည်။

ကင်းမကျေးရွာရှိ လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်စဉ်မှာ ဇွန် ၁၃ ရက် ည ၁၂ နာရီ ၄၅ မိနစ်တွင် ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ရှားလှကျေးရွာအုပ်စု ဝန်ကြီးကျေးရွာနေ ဦးစိန်မောင်၏နေအိမ်၌ ၎င်းနှင့်အတူ အမျိုးသားငါးဦးတို့ စကားပြောနေစဉ် ကျော်မင်းနိုင်ပါ အမျိုးသားသုံးဦးမှ လက်လုပ်ဖုံးနှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဦးစိန်မောင်နှင့် ကိုမင်းမင်းစိုးတို့တွင် ပေါက်ပြဲဒဏ်ရာအသီးသီးရရှိခဲ့၍ လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့သူ ကျော်မင်းနိုင်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးခဲ့ရာ အဆိုပါ လက်လုပ်ဗုံးများအား ပေါက်မြို့နယ် ကင်းမကျေးရွာရှိ အမျိုးသားတစ်ဦးထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ဆက်လက်စုံစမ်းခဲ့ရာ အဆိုပါအမျိုးသားမှာ ကင်းမကျေးရွာတွင် နေထိုင်ပြီး တစ်ရွာတည်းနေ NLD ပါတီဝင်တစ်ဦးနှင့် ယခင်ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးတို့၏ ငွေကြေးထောက်ပံ့မှုဖြင့် လက်လုပ်သေနတ်များ၊ လက်လုပ်ဗုံးများပြုလုပ်ကာ ကျေးရွာအတွင်းရောင်းချနေကြောင်း ထပ်မံသိရှိခဲ့ရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ကင်းမကျေးရွာသို့ ဇွန် ၁၅ ရက်တွင် သွားရောက်ခဲ့သည်။

ထိုသို့သွားရောက်စဉ် ကျေးရွာဆိုင်းဘုတ်အနီးရှိ အကြမ်းဖက်သူ ၁၀ ဦးခန့်က တောင်ကုန်းပေါ်မှ တူမီးသေနတ်များ၊ လက်လုပ်ဗုံးများဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများက တောင်ကုန်းပေါ်မှ ဆုတ်ခွာသွားခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါတောင်ကုန်းပေါ်သို့ အသေးစိတ်ပိတ်ဆို့ရှာဖွေခဲ့စဉ် အကြမ်းဖက်သူများက ထပ်မံချောင်းမြောင်းပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ပြီး ကင်းမကျေးရွာအတွင်းသို့ ဝင်ရောက်ရန်ကြိုးစားခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်စဉ် ကင်းမကျေးရွာအတွင်း ထွက်ပြေးဝင်ရောက်သွားသော ဒေသခံ PDF အကြမ်းဖက်အဖွဲ့များ၊ ချင်းပြည်နယ်ဘက်မှ ရောက်ရှိလာသော လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက အဆိုပါကျေးရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ဦးကျော်ငြေး၏ နေအိမ်အား မီးရှို့ဖျက်ဆီးခဲ့ရာမှ ကျေးရွာအတွင်းရှိ နေအိမ်များအား မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဇွန် ၁ ရက်တွင် အဆိုပါကျေးရွာနေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ဦးညိုချောအား အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးသတ်ဖြတ်ခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ဆေးရန်လာရောက်သော လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့နှင့် ကျေးရွာရှိ PDF အကြမ်းဖက်အဖွဲ့များ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ရွာသူ ရွာသားအများစုမှာ ကျေးရွာတွင် နေထိုင်ခြင်းမရှိတော့ဘဲ မိမိတို့ဆွေမျိုးများရှိရာ မြို့/ရွာများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသဖြင့် ကျေးရွာအတွင်း၌ အိမ်စောင့်၊ သက်ကြီးရွယ်အိုများနှင့် PDF အကြမ်းဖက်အဖွဲ့များသာ ကျန်ရှိကြသဖြင့် မီးငြိမ်းသတ်နိုင်ခြင်းမရှိဘဲ မီးကူးစက်လောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် မီးငြိမ်းသတ်ရန် ရွာသူ ရွာသားများမရှိခြင်း၊ မီးသတ်ယာဉ်များ လာရောက်မီးငြိမ်းသတ်ရန် အခက်အခဲရှိခြင်း၊ မီးငြိမ်းသတ်ရန် ရေရှားပါးခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သော်လည်း အိမ်ခြေ ၁၀၀ ခန့်မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ပြင်အတွင်းရှိ မီးလောင်ကျွမ်းဆဲနေအိမ်နှစ်လုံးအတွင်းမှ အသက် ၈၃ နှစ်အရွယ်ရှိ အဘွား ဒေါ်ခင်စုနှင့် အသက် ၈၁ နှစ်အရွယ်ရှိ အဘွား ဒေါ်ထွားစိန်တို့နှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်၍ မီးဘေးကင်းလွတ်သည့် ကျေးရွာဘုန်းကြီးကျောင်းသို့ ထမ်းပိုးပို့ဆောင်ပေးခဲ့သည်။

ထိုကဲ့သို့ အကြမ်းဖက်သူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် အဆိုပါကျေးရွာ ဘုရားကုန်းပေါ်ရှိ စေတီနှစ်ဆူ၊ ဇရပ် နှစ်ဆောင်၊ အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ ကျောင်းဆောင်နှစ်ဆောင်၊ ဆောက်လက်စတစ်ဆောင်နှင့် အိမ်ခြေ ၂၀ ခန့်မှ လွဲ၍ ကျန်လူနေအိမ်ခြေအဆောက်အအုံများအားလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး ညနေ ၆ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးရွာမှ ပြန်လည်ထွက်ခွာခဲ့သည်။

ကင်းမကျေးရွာ PDF အကြမ်းဖက်အဖွဲ့ဝင်များနှင့် ချင်းပြည်နယ်ဘက်မှ ရောက်ရှိလာသော လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများသည် ကင်းမကျေးရွာအား ၎င်းတို့ကိုယ်တိုင် မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအပေါ် ပြည်သူလူထုနှင့် နိုင်ငံတကာကပါ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် NLD ပါတီကို ထောက်ခံသူများ၊ PDF များ၊ အစွန်းရောက်အကြမ်းဖက်သမားများ၊ သတင်းမီဒီယာအချို့က Facebook လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မြေပြင်ပကတိအခြေအနေအမှန်နှင့် ဆန့်ကျင်ကာ မဟုတ်မမှန် လုပ်ကြံဖန်တီး ရေးသားဖော်ပြနေကြခြင်းသာဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၇**
မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထိုသို့ ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ နောင်ပကျစ်ရပ်ကွက်ရှိ သာသနာ့မဏ္ဍိုင်ဂန္ဓမာရုံကျောင်းတိုက်၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့်ပစ္စည်းများ သိုဝှက်ထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဘုန်းကြီးကျောင်းအတွင်းမှ လက်လုပ်ဂက်(စ်)သေနတ် နှစ်လက်၊ လက်လုပ်မိုင်း အထုပ်သုံးထုပ်နှင့် အကြမ်းဖက် တိုက်ခိုက်ရာတွင် အသုံးပြုသော ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

အလားတူ ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်း ပေါက်ကွဲမှုဖြစ်စဉ်များနှင့် ဆက်စပ်၍ ဖမ်းဆီးစစ်ဆေးလျက်ရှိသော ဟသ်ာကုန်းကျေးရွာနေ စိုးထွန်းထွန်း(၅၀)နှစ်(ဘ)ဦးမြင့်စိုးပါ ငါးဦး၏ ထွက်ဆိုချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စိုးထွန်းထွန်း၏ နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ ၎င်း၏ နေအိမ်ခြံဝင်းအတွင်းမှ သံပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း ငါးလုံးနှင့် အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသော ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



(ဝဲမှယာ)တရားခံ မိုင်းဝင်းဇော်၊ စိုးထွန်းထွန်း၊ ချစ်ရဲသွေး၊ ဟိန်းထက်အောင်၊ မိုင်ဝင်းထွန်း

# မြို့နယ်အချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုအချို့ကို လက်နက်ကိုင်အကြမ်းဖက်သူများက အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်

**နေပြည်တော် ဇွန် ၁၇**
တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာနေထိုင်နေကြသော ပြည်သူလူထုအချို့အား အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ လူထုအတွင်း အကြောက်တရားများလွှမ်းမိုးလာစေရန်နှင့် ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သက်အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ လက်နက်ကိုင်အကြမ်းဖက်သူများက သေနတ်များ၊ တုတ်/ ဓားများ၊ လက်လုပ်ဗုံး၊ လက်ပစ်ဗုံးများအသုံးပြုကာ အကြောင်းမဲ့ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ပင်တင်း(မြောက်) ကျေးရွာနေ ဦးအေးခိုင်(၅၈)နှစ်(ဘ)ဦးသန်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်သန်းနု(၅၂)နှစ် (ဘ) ဦးတင်မောင်၊ သမီးဖြစ်သူ မပြုံးပြုံးအေး(၁၅)နှစ်နှင့် သားဖြစ်သူ အောင်မျိုးဝင်း(၉)နှစ်တို့ မိသားစုသည် ကိုယ်ပိုင်စက်လှေဖြင့်လည်းကောင်း၊ ပင်တင်း(တောင်)ကျေးရွာနေ ဆရာတော် ဦးသုမင်္ဂလသက်တော် (၆၃)နှစ်သည် "လှမြတ်မင်း"အမြန်ရေယာဉ်ဖြင့်လည်းကောင်း ၎င်းတို့၏ ကျေးရွာများရှိ NLD ထောက်ခံအားပေးသည့် အကြမ်းဖက်သမားများက ၎င်းတို့အား "လုံခြုံရေးတပ်ဖွဲ့ဝင်များထံ သတင်းပေးသူများ" ဟု စွပ်စွဲပြောဆိုခြိမ်းခြောက်နေသဖြင့် ကျေးရွာများတွင် မနေထိုင်ရဲတော့ဘဲ မုံရွာမြို့သို့ တိမ်းရှောင်ရန် ချင်းတွင်းမြစ်အတိုင်း ထွက်ခွာလာခဲ့ရာ နံနက် ၉ နာရီတွင် ကနီမြို့နယ် ကင်းကျေးရွာအနီးအရောက် အကြမ်းဖက်သောင်းကျန်းသူများက ဆရာတော်နှင့် ဦးအေးခိုင်တို့မိသားစုကို ဖမ်းဆီးမေးမြန်း၍ မွန်းလွဲ ၁ နာရီတွင် ပြန်လည်လွှတ်ပေးခဲ့သဖြင့် ဦးအေးခိုင်၏ စက်လှေဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ကနီမြို့နယ် ကျောက်လှေကားကျေးရွာအနီး အရောက်တွင် အခြားအကြမ်းဖက်သောင်းကျန်းသူများက ထပ်မံဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

အဆိုပါဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည့် သံဃာတော်တစ်ပါးနှင့် ဦးအေးခိုင်နှင့် မိသားစုဝင်လေးဦးတို့ကို ပြန်လည်ကယ်တင်နိုင်ရေးနှင့် အကြမ်းဖက်သမားများကို ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၁၂-၆-၂၀၂၃ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

**သူရိယနေ့ဝန်းမီဒီယာမှ သတင်းထောက် ဦးဝေဖြိုးက** ICRC ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံခရီးစဉ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံတကာအဖွဲ့အစည်းခေါင်းဆောင်များ ပထမဆုံးခရီးလာရောက်ခြင်းဖြစ်သည့်အတွက် ပြည်တွင်း၊ ပြည်ပမှ စိတ်ဝင်စားလျက်ရှိကြောင်း၊ ၎င်းအနေဖြင့် အကျဉ်းထောင်များကို သွားရောက်လေ့လာခြင်းနှင့် အကျဉ်းထောင်များမှ ဆောင်ရွက်သည့်လုပ်ငန်းများ ပြန်လည်စတင်ခြင်းများနှင့်ပတ်သက်၍ အစိုးရ၏တုံ့ပြန်မှုကို သိလိုပါကြောင်း၊ ထို့ပြင် ICRC ဥက္ကဋ္ဌ၏ ခရီးစဉ်ရလဒ်ကိုလည်း သိချင်ပါကြောင်း မေးမြန်းသည်။

**ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများဆွေးနွေး**

**ဗိုလ်ချုပ် ဇော်မင်းထွန်းက** အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ ICRC ဥက္ကဋ္ဌသည် မြန်မာနိုင်ငံသို့ ယခုလ ၂ ရက်မှ ၄ ရက်အထိ လာရောက်ပြီး ၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ICRC ဥက္ကဋ္ဌအနေဖြင့် ယခုမြန်မာနိုင်ငံသို့ လာရောက်ခြင်းသည် စတုတ္ထအကြိမ်မြောက်ဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် တစ်ကြိမ်စီလာရောက်ပြီး သုံးကြိမ်လာရောက်ပြီးဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ခရီးစဉ်များတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအချိန်တွင် ICRC မှ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်ပေးနေသည့် လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် မြန်မာနိုင်ငံအစိုးရ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေးလုပ်ငန်းများတွင် ICRC အနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ပါကြောင်း။

လူသားချင်းစာနာထောက်ထားမှု ထောက်ပံ့မှုပေးရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန တာဝန်ရှိသူများနှင့် ICRC တို့ ပူးပေါင်းပြီး အကျဉ်းထောင်များတွင် လုပ်ငန်းများဆောင်ရွက်ခြင်းသည် အချိန်ကာလကြာမြင့်ပြီဖြစ်ကြောင်း၊ ယခုအခြေအနေမှာ ကိုဗစ်-၁၉ ကပ်ရောဂါ မြန်မာနိုင်ငံကို စတင်ပြီး ရောက်ရှိသည့်အချိန်မှ အကျဉ်းထောင်များတွင် ကူးစက်ပြန့်ပွားမှုမဖြစ်စေရေး ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ထိုလုပ်ငန်းများကို ခေတ္တဆိုင်းငံ့ထားခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါအခြေအနေအပေါ်မူတည်၍ စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေ့ဝန်းမီဒီယာမှ သတင်းထောက် ဦးဝေဖြိုးက** စာသင်ကျောင်းများ တိုက်ခိုက်ခံရခြင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်ခြင်းများနှင့်ပတ်သက်၍ UNICEF MYANMAR ရုံး၏ထုတ်ပြန်ချက်များအပေါ် ပြန်လည်ထုတ်ပြန်ရေး အချက်အလက်များကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** UNICEF မှ ယခုလပိုင်းအတွင်း မြန်မာနိုင်ငံနှင့်ပတ်သက်၍ ထုတ်ထားသည့်စာသုံးစောင်ရှိပြီဟု သတိပြုမိပါကြောင်း၊ UNICEF MYANMAR ရုံး၏ သတင်းထုတ်ပြန်ချက်မှာ စာသင်ကျောင်း၊ ပညာရေးအဆောက်အအုံများ တိုက်ခိုက်ခံရခြင်း၊ ပညာရေးအဆောက်အအုံများကို တပ်မတော်မှ အသုံးပြုသည်ဆိုသည့် ပုံစံမျိုးထင်ယောင်ထင်မှားဖြစ်အောင် ကိန်းဂဏန်းတချို့နှင့်



သာစည်မြို့နယ်၊ မယ်ဇလီကန်ကျေးရွာ အလယ်တန်းကျောင်းရှိ စာသင်ဆောင်အား အကြမ်းဖက်သောင်းကျန်းသူများမှ မီးရှို့ ဖျက်ဆီးမှုမှတ်တမ်း



ကျိုက်မရောမြို့နယ်၊ တောင်ကလေးအရှေ့စုကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းအား အကြမ်းဖက်သောင်းကျန်းသူများမှ မီးရှို့ ဖျက်ဆီးမှုမှတ်တမ်း

ရေးသားဖော်ပြထားသည်များတွေ့ရကြောင်း၊ NLD၊ NUG၊ PDF တို့ကို ထောက်ခံသူအချို့သည် ပညာရေးဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းများအလုပ်မလုပ်ရေးနှင့် အစိုးရကိစ္စအချို့တွင် ယခုလို စာသင်ကျောင်းများ၊ ပညာရေးအဆောက်အအုံများ၊ ရုံးများကို ဖုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်းတို့အထိ ကျူးလွန်လုံ့ဆော်နေသည်မှာ သိသာထင်ရှားပါကြောင်း။

ဗီဒီယိုဖိုင်များနှင့် ယခုလက်တွေ့လုပ်သည့်သူများကိုလည်း ပြပြီးဖြစ်ကြောင်း၊ NLD ပါတီဝင်များ၏ လှုံ့ဆော်မှုများ၊ ၎င်းတို့၏အကြမ်းဖက်မှုများ၊ လှုံ့ဆော်မှုများကြောင့် ဘာတွေလုပ်ခဲ့သည်ဆိုသည်များကို ဇယားဖြင့်လည်း ပြသထားပါကြောင်း၊ ထိုအကြမ်းဖက်လုပ်ရပ်များကို ကာကွယ်ရန်အတွက် တပ်ဖွဲ့ဝင်အချို့သည် လုံခြုံရေးဝင်ရောက်ဆောင်ရွက်ပေးနေရသည်များရှိကြောင်း၊ UNICEF ၏ထုတ်ပြန်ချက်ထဲတွင် ကျူးလွန်သည့်သူကို ကွဲကွဲပြားပြား ဖော်ပြမထားခြင်းကြောင့် အထင်အမြင်လွဲမှားစေနိုင်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေး အစီအစဉ်များနှင့် ပြန်လည်ဖွင့်လှစ်သည့် စာသင်ကျောင်းများတွင် ကလေးများကျောင်းတက်နေကြပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ကလေးများ၏ စာသင်နှစ်တစ်နှစ်နှစ်နာပြီးဖြစ်ကြောင်း၊ ပြည့်စုံသည့်ကလေးများအတွက် အခြားနည်းလမ်းများနှင့်ပညာရေးကို ရယူနိုင်သော်လည်း အခြေခံလူတန်းစားမိသားစုများအတွက် စာသင်ကျောင်းများပြန်ဖွင့်ရန် လိုသည်ကို မိဘများ၊ ဆရာများနှင့် ကျောင်းသား ကျောင်းသူများက သဘောပေါက်နားလည်ကြပါကြောင်း။

ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် အများပြည်သူကို သတင်းမထုတ်ပြန်မီ သက်ဆိုင်ရာတာဝန်ရှိသူများက သတင်းကို စိစစ်၊ မျှတအောင်ဖော်ပြရမည်ဖြစ်ကြောင်း၊ UNICEF မှ ကြိုတင်အသိပေးခြင်းများ၊ စိစစ်ဆောင်ရွက်ခြင်းများမရှိသည့်အတွက် တစ်ဖက်သတ်ဆန်သည့် ထုတ်ပြန်ချက်မျိုး ဖြစ်ပေါ်ခဲ့ပါကြောင်း၊ UNICEFအနေဖြင့် သတင်းအချက်အလက်များစိစစ်ရန်၊ ပညာရှင်ပီသရန်နှင့် ဘက်မလိုက်ရန်တို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း UNICEF ကို စာပို့ထားပါကြောင်း၊ ထို့ပြင် မေလ ၁၁ ရက်နေ့တွင် UNICEF မှ မင်းတပ်ကိစ္စနှင့် ပတ်သက်၍ ကြေညာချက်တစ်ခုထုတ်ပြန်ခဲ့ပါကြောင်း၊ ထိုကြေညာချက်ထဲတွင် မင်းတပ်မှာ ရေဖြတ်ခံရခြင်းကြောင့် ကလေးများ၊ မိခင်များအတွက် စိုးရိမ်ရပါသည်ဆိုသည်များကို တွေ့ပါကြောင်း၊ မင်းတပ်မှာ ယခုလ ၁ ရက်နေ့မှ ယနေ့အထိ ရေဖြတ်ထားခြင်းမရှိပါကြောင်း၊ ထိုနေရာတွင် တပ်မတော်မှ တာဝန်ရှိသူတစ်ဦးလည်း ရှိပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်သည့်အချိန်တွင် PDF အမည်ခံအကြမ်းဖက်များသည် မြို့၏ရေလိုင်းများကို ခါးဖြင့်ခုတ်၊ ပေါက်တူးဖြင့်တူးဖြတ်ခြင်းများကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြုပြင်ပေးခဲ့ရကြောင်း။

မင်းတပ် EPC ရုံးတစ်ဝိုက် လုံခြုံရေးလုပ်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုပစ်ခတ်ပြီး မီးဖြတ်ရန်လုပ်ခဲ့ခြင်းမှာလည်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များသာ ဖြစ်ပါကြောင်း၊ UNICEF အဖွဲ့အနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စာသင်ကျောင်းများကို လုံခြုံရေးမလုပ်ပေးလျှင် ဒီမိုကရေစီအမည်ခံ အကြမ်းဖက်သမားများသည် စာသင်ကျောင်းများ၊ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများကို မနှောင့်ယှက်ပါ၊ အကြမ်းမဖက်ပါဟု အာမခံပါသလား။ လက်တွေ့တွင် ယနေ့အထိ ကျောင်းများတွင်မိုင်းခွဲခြင်း၊ မီးရှို့ခြင်းများဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခုလည်း မည်သူများကလုပ်နေသည်ဆိုသည်ကို သက်သေအထောက်အထား စုံစုံလင်လင်ဖြင့် ပြသပြီးဖြစ်ကြောင်း။

**လိုတစ်မျိုး၊ မလိုတစ်မျိုး မူဝါဒ**

အကြမ်းဖက်လုပ်ရပ်များကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့် UNICEF အဖွဲ့က နှုတ်ဆိတ်နေကြောင်း၊ နှုတ်ပိတ်မသိချင်ယောင်ဆောင်နေကြောင်း၊ ကျောင်းများ၊ ကလေးများ၊ ဆရာဆရာမများ နှောင့်ယှက်ခံရခြင်းများသည် ၎င်းတို့၏ လိုတစ်မျိုး၊မလိုတစ်မျိုး မူဝါဒကြောင့်လည်းပါသည်ဟု ပြောလိုကြောင်း၊ ယင်းမူဝါဒကြောင့် အကြမ်းဖက်များသည် အတင့်ရဲလာခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်း၏ စာပိုဒ် ၇ တွင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီရင်ပိုင်ခွင့်အာဏာအတွင်း၌ သက်ရောက်နေသည့်ကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရန် အခွင့်အာဏာမရှိစေရဟု ပြဋ္ဌာန်းထားခြင်းရှိပါကြောင်း၊ ထိုအချက်များကို ဂရုပြုရန်လိုပါကြောင်း၊ UNICEF အဖွဲ့အနေဖြင့် ကုလသမဂ္ဂအဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းပီပီ ကျင့်ဝတ်သိက္ခာများကို လိုက်နာသင့်သည်ဟု ပြောလိုပါကြောင်း၊ သိက္ခာမဲ့သည့် လုပ်ရပ်များ မမြင်ပါရစေနဲ့ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**97 Media မှ သတင်းထောက်ချုပ် ဦးနန္ဒလင်း (ထားဝယ်)က** ပထမဦးစွာ release flights များနှင့်ပတ်သက်သည့်ကိစ္စကို သိလိုကြောင်း၊ နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ကယ်ဆယ်ရေးလေယာဉ်များနှင့် ပြန်လည်ခေါ်ဆောင်ပေးနေသည်ကို သိရှိရပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ပေးနေမှုအခြေအနေကို ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် release flight များကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ စီမံဆောင်ရွက်ပေးသည့်နေရာတွင် သတင်းထုတ်ပြန်ထားသည်များလည်းရှိကြောင်း၊ ယခုနောက်ပိုင်း ဆောင်ရွက်ပေးနေသည့် အစ္စရေးမှတစ်ဆင့် ဂျော်ဒန်တွင်သွားရောက်လုပ်နေသည့်အဖွဲ့များကို ခေါ်ဆောင်ပေးသည့် ကိစ္စများရှိပါကြောင်း၊ ကျန်သည့်နိုင်ငံများမှလည်း ခေါ်ဆောင်ပေးသည့် ကိစ္စများရှိပါကြောင်း၊ ယခင်အပတ်တွင် အိန္ဒိယမှ စီစဉ်ဆောင်ရွက်ပေးသည့် ကိစ္စများရှိပါကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ မိမိတွင်ရှိပြီးဖြစ်သည့် စာရင်းဇယားများကို ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**97 Media မှ သတင်းထောက်ချုပ် ဦးနန္ဒလင်း (ထားဝယ်)က** ပြည်ပမှ မြန်မာနိုင်ငံသား တော်တော်များများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပြန်လည်ခေါ်ထားသည့်အတွက် ရောက်လာကြပြီဖြစ်ကြောင်း၊ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံသားများစာရင်းကို သတင်းထုတ်ပြန်သော်လည်း မပေါ်လွင်ဖြစ်နေကြောင်း၊ ဒုတိယမေးခွန်းအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျေးလက်နေပြည်သူများ၏ ဘဝတိုးတက်စေရေးအတွက်ဟုဆိုကာ မြစိမ်းရောင်စီမံချက်ကို ဆောင်ရွက်ပေးနေကြောင်း၊ နေပြည်တော်၌ ဇွန် ၄ ရက်တွင် ဒက္ခိဏသီရိမြို့နယ်၌ ၅၁၁ သိန်းကို ချေးပေးခဲ့ကြောင်း၊ တောင်သူဦးကြီးများ၏ ဘဝအတွက် တိုးတက်အောင်ဆောင်ရွက်နေသည့် မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်မှုအခြေအနေကို ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။


စာမျက်နှာ ၁၇ သို့ ☆

☆ စာမျက်နှာ ၁၆ မှ

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မြစိမ်းရောင်စီမံကိန်း ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက် ရန်ပုံငွေလည်ပတ်မှုအခြေအနေမှာ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူအိမ်ထောင်စု ခြောက်သိန်းကျော်အတွက် ငွေကျပ်သန်းပေါင်းနှစ်သိန်း သုံးသောင်းကျော်၊ မွေးမြူရေးလုပ်ငန်းအတွက် ငွေကျပ်သန်းပေါင်း တစ်သိန်းတစ်သောင်းကျော်၊ ကုန်ထုတ်လုပ်ငန်းအတွက် ငွေကျပ်သန်းပေါင်းသုံးထောင်ကျော်ကို အရင်းမပျောက် မတည်ငွေ၊ လည်ပတ်ရန်ပုံငွေ ထူထောင်ပေးခြင်း၊ မိသားစုများအတွက် လိုအပ်သည့်ငွေကြေးအရင်းအနှီးနှင့် ကျေးရွာကောင်စီများ သဘောတူဆုံးဖြတ်သည့် အတိုးနှုန်း သုည ဒသမ ၅ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ သတ်မှတ်ထုတ်ချေးပေးလျက်ရှိသည်ကို သိရကြောင်း၊ ယခု ၂၀၂၀ - ၂၀၂၂ ဘဏ္ဍာနှစ်အထိ နိုင်ငံတော်ရန်ပုံငွေမှ ကျေးရွာတစ်ရွာအတွက် ငွေကျပ်သန်း ၃၀ နှုန်းဖြင့် စုစုပေါင်း ၁၉၈ ဒသမ ၁၁ ဘီလီယံအသုံးပြုလျက်ရှိပြီး ကျေးရွာလေးရွာယူနစ်ဆောင်ရွက်လျက်ရှိရာတွင် စုစုပေါင်းကျေးရွာယူနစ် ၉၉၃၇ အသုံးပြုကျေးရွာ ၁၂၀၈၅ ရွာနှင့် စီမံကိန်းလုံခြုံမှုရာခိုင်နှုန်း ၁၉ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဧပြီလအထိ မြို့နယ် ၂၅၀၊ ကျေးရွာ ၂၃၉၈ ရွာတို့နှင့် စီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းမှ ငွေကျပ် ၁၉ ဒသမ ၄ ဘီလီယံ၊ ပြည်သူထည့်ဝင်ငွေ ၁၀ ဒသမ ၅ ဘီလီယံပေါင်း ၂၉ ဒသမ ၉ ဘီလီယံနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား ၁၄၄၇ ခု၊ ရေရရှိရေး ၁၆၅ ခု၊ မီးလင်းရေး ၇၇၁ ခု၊ ပညာရေး ၁၂၃ ခု၊ စာကြည့်တိုက် ၁၁ ခု၊ ကျန်းမာရေး ကိုးခု၊ ခန်းမဆောင် ၁၅၃ ခု၊ အခြား ၁၄၄ ခု စုစုပေါင်း ၂၈၂၃ ခု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ တင်ပြချက်များအရ ဆက်လက်ပြီး ဆောင်ရွက်သွားမည်ဟု သိရှိရကြောင်း ပြန်လည်ဖြေကြားသည်။

### အငှားအိမ်ရာဖော်ဆောင်ပေးရန်

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲ (၅) ကြိမ်မြောက်တွင် ပြည်သူများကိုထောက်ပံ့ရန် တောင်းထားသည့် ငွေကြေးရှိခဲ့ကြောင်း၊ ထိုတောင်းထားသည့်ငွေနှင့် ပတ်သက်၍ ထိုအချိန်က လာဘ်စားမှုများရှိခဲ့ကြောင်း၊ ထိုကိစ္စများကို အရေးယူပေးနိုင်ရန် မေးထားသည်များရှိကြောင်း၊ Covid Centre များ မြို့နယ်တချို့မှာ ပြန်ပြီးလုပ်နေသည်များရှိကြောင်း၊ ပြီးခဲ့သည့် NLD အစိုးရလက်ထက်တွင်လုပ်ခဲ့သည့် Covid Centre များတွင် အဂတိမှုများရှိခဲ့သည်ကိုလည်း အလားတူပြောလာသည်များလည်းရှိကြောင်း၊ လက်ရှိအချိန် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အချမ်းသာဆုံးသည် မြေယာများဖြစ်ကြောင်း၊ ပြည်သူများမှာ နေထိုင်ရန်အတွက် အခက်အခဲများရှိနေကြောင်း၊ သို့ဖြစ်၍ အငှားအိမ်ရာဖော်ဆောင်ပေးရန်အတွက် လက်ရှိလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွင် အဖွဲ့ဝင်ဖြစ်နေသည့် ဆရာဦးသိန်းညွန့်ဆိုလျှင် ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခဲ့ခြင်း အောင်မြင်ထားမှုရှိကြောင်း၊ ထိုသို့တင်သွင်းရာတွင် ယူနစ် သုံးသန်းခန့် တင်သွင်းခဲ့ရာ ယူနစ် တစ်သန်းကို ခွင့်ပြုခဲ့ကြောင်း၊ ယင်းကိစ္စသည် အငှားအိမ်ရာ၊ တန်ဖိုးနည်းအိမ်ရာများနှင့်ပတ်သက်၍ဖြစ်ကြောင်း၊ သို့သော် ထိုကိစ္စသည် ယခုအချိန်အထိ ထင်သလောက် အကောင်အထည်ဖော်ခဲ့ခြင်းများ မမြင်ရကြောင်း၊ ယင်းကိစ္စကို မြေ၊ ယာ ချမ်းသာနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အကောင်အထည်ဖော်ပေးနိုင်မည်ဆိုလျှင် ကျူးကျော်ကိစ္စများလည်း ပပျောက်နိုင်သလို အိမ်ငှားနေနေရသည့် ပြည်သူများအတွက်လည်း တော်တော်ကိုအဆင်ပြေလာမည်ဖြစ်ကြောင်း၊ ယခု တစ်ကြိမ်



တွင် မိမိသည် အငှားအိမ်ရာတောင်းဆိုခြင်းဖြစ်ကြောင်း၊ မိမိ၏မေးခွန်းသည် ဒီမိုကရေစီခေတ်ကာလတွင် Travel Pipe Meeting ဆိုပြီး အလုပ်ရှင်၊ အလုပ်သမားများ၏ အနိမ့်ဆုံးလုပ်ခလစာအတွက် အစည်းအဝေးများ လုပ်ခဲ့ခြင်းများရှိကြောင်း၊ ပြီးခဲ့သည့် NLD အစိုးရလက်ထက်တွင် စီးပွားရေးကျဆင်းခြင်း၊ ကိုဗစ်ဖြစ်ပွားခြင်းတို့ကြောင့် ထိုကိစ္စကို အကောင်အထည်မဖော်နိုင်၊ မလုပ်နိုင်ခဲ့သည်မှာ ယခုဆိုလျှင် လေးနှစ်ထဲရောက်ပြီဖြစ်ကြောင်း၊ ထိုကိစ္စကို ဗိုလ်ချုပ်တို့အနေဖြင့် ပြန်ပြီးလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိချင်ကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အလုပ်သမားလုပ်ခလစာကို ဥပဒေအရ နှစ်နှစ် တစ်ကြိမ် Review ပြန်လုပ်ရမည်ဖြစ်သော်လည်း သိရသလောက် အလုပ်သမားနှင့် အလုပ်ရှင်ကြားတွင်ဖြစ်ဖြစ်၊ အစိုးရနှင့် အလုပ်ရှင်ကြားတွင်ဖြစ်ဖြစ်၊ အစိုးရနှင့် အလုပ်သမားကြားတွင်ဖြစ်ဖြစ် နားလည်မှုလွဲနေခြင်းသည် နှစ်နှစ်တစ်ကြိမ် လုပ်ခလစာတိုးပေးရမည်ဟု နားလည်မှုလွဲနေမှုများရှိကြောင်း၊ ထိုကိစ္စသည် မဟုတ်ပါကြောင်း၊ နှစ်နှစ်တစ်ကြိမ် ကိုက်ညီမှု ရှိ၊ မရှိ Review ပြန်လုပ်ရခြင်းဖြစ်ကြောင်း၊ အလုပ်သမားကိစ္စများနှင့်ပတ်သက်၍ တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ Review ပြန်လုပ်သည့်ကိစ္စသည်လည်း ဥပဒေအကြောင်းအရာအရ သော်လည်းကောင်း၊ အလုပ်သမားအဖွဲ့များပါ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ယင်းကိစ္စများကို ကိုက်ညီသည့်အချိန် ပြန်လည်လုပ်ဆောင်ပေးနိုင်လိမ့်မည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

### မည်သို့ပြင်ဆင်ထား

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က ယနေ့ အရှေ့ပိုင်းတွင်ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲ၏ ပြသခဲ့သည့်ပြကွက်များအရ အကြမ်းဖက်ဖြစ်စဉ်များ တော်တော်လေး ဆိုးရွားခဲ့ခြင်းကို တွေ့ရကြောင်း၊ ထိုကဲ့သို့ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ၊ နောင်ဖြစ်လာမည့် အကြမ်းဖက်ဖြစ်စဉ်များသည် လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးအကောင်အထည်ဖော်မှုကို မည်မျှအထိ သက်ရောက်မှုရှိသည်နှင့် ယင်းအတွက် မည်သို့ပြင်ဆင်ထားသည်ကို သိချင်ကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အကြမ်းဖက်ကိစ္စနှင့်ပတ်သက်၍ ယခုအချိန် ပြည်သူများသိရခြင်းသည် သတင်းထောက်ကြီး ရန်ကုန်မှာနေပါက ရန်ကုန်အကြောင်းသိကြောင်း၊ နေပြည်တော်အကြောင်းကို သတင်းပေါ်ကကြားရမည်ဖြစ်ကြောင်း၊ မိမိနေပြည်တော်မှာနေလျှင် နေပြည်တော်အကြောင်းသာသိပြီး ရန်ကုန်အကြောင်း သိမည်မဟုတ်ကြောင်း၊ နေပြည်တော်အကြောင်းသိသည်ဆိုခြင်းသည် နေပြည်တော်နေရာအားလုံးကို မိမိလက်တွေ့မသိကြောင်း၊ သတင်းများအရသာသိရကြောင်း၊ သတင်းများဖြစ်ပေါ်ရသည့်ပုံစံကို အကြမ်းဖျင်းရှင်းပြမည်ဖြစ်ကြောင်း။

နံပါတ်တစ် ပထမဦးဆုံး ဆန္ဒပြမှုများဖြစ်ကြကြောင်း၊ ဆန္ဒပြမှုများဖြစ်ပြီးနောက်ပိုင်း ဆူပူဆန္ဒပြမှုအသွင်ကို ကူးပြောင်းလာကြောင်း၊ ဆူပူဆန္ဒပြမှုအသွင်ကို ကူးပြောင်းပြီးနောက်ပိုင်း ထိုကိစ္စများနှင့် မရှေးမနှောင်းတွင် မိမိပြခဲ့သည့် ဗီဒီယိုဖိုင်ထဲတွင် တွေ့ရမည်ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်များထံတွင် သင်တန်းသွားတက်သည့်သူများသည် မတ်လလောက်တွင် သင်တန်းစတက်ပြီး အချို့လည်း မတ်လလောက်ကတည်းက သင်တန်းပြန်ဆင်းလာပြီဖြစ်ကြောင်း၊ ထိုအချိန်ကတည်းက ဖောက်ခွဲဖျက်ဆီးမှုများရှိကြောင်း၊ မိမိတို့စာရင်းဇယားနှင့်ပြသည့်အခါ ဖောက်ခွဲဖျက်ဆီးမှုများသည် သတင်းအရတော်တော်များများ မသိကြကြောင်း၊ မည်သည့်အတွက် ကြောင့် မသိကြသလဲဆိုခြင်းသည် ထိုအချိန် ၎င်းတို့လုပ်ချင်နေသည်မှာ ဆန္ဒပြမှုများကို အေးအေးချမ်းချမ်းနှင့် လုပ်နေခြင်းဖြစ်ကြောင်းကို ပြချင်သည့်အတွက် ဖောက်ခွဲဖျက်ဆီးမှုများကို မလွှင့်ကြကြောင်း။

မတ်လနှင့်ဧပြီလများတွင် တစ်နေ့တစ်နေ့ မြန်မာနိုင်ငံအတွင်း ဖောက်ခွဲဖျက်ဆီးမှုအောင်မြင်သည်များလည်းရှိကြောင်း၊ မအောင်မြင်သည်များလည်းရှိကြောင်း၊ ပေါက်ကွဲမှုပေါင်းပျမ်းမျှ တစ်နေ့ကို ၁၀ ကြိမ် နှင့် ၁၅ ကြိမ်အထက်ရှိပြီး သတင်းမဖော်ပြကြောင်း၊ ယခုနောက်ပိုင်းတွင် တစ်နိုင်ငံလုံး မငြိမ်မသက်ဖြစ်နေသည်ကို ပြသလိုခြင်းကြောင့် သတ်ဖြတ်မှုများရှိခြင်း၊ မိုင်းထောင်မိုင်းကွဲခြင်းများရှိကြောင်း၊ အရေအတွက်အနေဖြင့် ပျမ်းမျှမေလ၏ နောက်ဆုံးအပတ်နှင့် ဇွန်လအတွင်း ပေါက်ကွဲမှု ပျမ်းမျှအကြိမ်ရေထက် မတ်လနှင့်ဧပြီလအတွင်း ပေါက်ကွဲမှု ပျမ်းမျှအကြိမ်ရေထက် များစွာလျော့နည်းကြောင်း။

သို့သော် အဘယ်ကြောင့် ဖော်ပြရသလဲဆိုလျှင် တစ်နိုင်ငံလုံး မငြိမ်မသက်ဖြစ်နေခြင်းကို ဖော်ပြလိုသောကြောင့် ဖော်ပြခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲပျက်စီးမှုများသည် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မထိခိုက်အောင် ယခု သတိပေးခြင်းဖြစ်ကြောင်း၊ ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပုံများဖြင့် ပြသခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းပေးနေသည့်နေရာအတိအကျဖြင့်ပြခဲ့ကြောင်း၊ မည်သည့်နေရာတွင် သင်တန်းတက်ခဲ့သည်များကိုလည်း တက်ခဲ့သူများဖြင့် အတိအကျပြောခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါကိစ္စများ ပြောဆိုနေခြင်းသည် NCA ကို လိုက်နာနိုင်အောင်၊ ငြိမ်းချမ်းရေးအတွက် အနှောင့်အယှက် မဖြစ်နိုင်အောင် ပြောနေခြင်းဖြစ်ကြောင်း၊ EAO အဖွဲ့ အကုန်လုံးပါဝင်ခြင်းမဟုတ်ဘဲ တပ်မဟာ တချို့၊ တပ်ရင်းတချို့က လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်ရင်းတချို့၊ တပ်မဟာတချို့က သင်ပေးလိုက်သည့် တပည့်များသည် မိမိနိုင်ငံ၏ရပ်ကွက်၊ မြို့များက စာသင်ကျောင်းများကို ဗုံးခွဲနေခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများကို ဗုံးခွဲနေခြင်းဖြစ်ကြောင်းကို အသိပေးလိုက်ခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး မေးမြန်းလိုကြောင်း၊ မိုးတွင်းကာလ ရောက်လာပြီဆိုလျှင် နှစ်စဉ် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည့်ဒေသများရှိကြောင်း၊ ယခုလို အကြမ်းဖက်မှုများ၊ မတည်မငြိမ်မှုများ ဖြစ်နေသည့်ကာလတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာခဲ့လျှင် ယခင်ကာလများအတိုင်း ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အစီအစဉ်များ ဆွဲထားခြင်း ရှိ၊ မရှိကို သိလိုကြောင်း မေးမြန်းသည်။

### အမြန်ဆုံးသွားရောက်ကူညီရန် မှာကြား

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သဘာဝဘေးဒဏ်ကူညီကယ်ဆယ်ရေးလုပ်ငန်းနှင့်ပတ်သက်ပြီး အဓိကဆောင်ရွက်နေခြင်းသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သို့သော် တပ်မတော်အနေဖြင့် ယခင်အစိုးရအဆက်ဆက် လက်ထက်ကတည်းက သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအချိန်တွင် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘာဝဘေးအန္တရာယ်ကျရောက်လာလျှင် မည်သည့်အမိန့်မှ စောင့်ဆိုင်းစရာမလိုဘဲ အမြန်ဆုံးသွားရောက်ကူညီရန် မှာကြားထားပြီးဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အလိုက်၊ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့်နေရာ၊ တပ်ရင်းတပ်ဖွဲ့များအလိုက် ကယ်ဆယ်ရေးပစ္စည်းများကို ဖြန့်ခွဲထားပြီးဖြစ်ကြောင်း၊ ဖိုက်ဘာလှေ၊ ဖိုက်ဘာပုံးများ၊ စားနပ်ရိက္ခာများကို လိုအပ်သည့်နေရာများသို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရအနေဖြင့် အဆိုပါအရင်းအမြစ်များကိုအသုံးပြုပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က လက်ရှိအချိန်တွင် ကုန်ဈေးနှုန်းက မြင့်လာကြောင်း၊ အခြေခံစားကုန်များမြင့်လာခြင်းမဟုတ်ဘဲ အဘက်ဘက်က ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်နေကြောင်း၊ ထိုကုန်ဈေးနှုန်းများကို ပြန်ပြီးထိန်းချုပ်နိုင်ရန်အတွက်၊ ပြန်ပြီးကျဆင်းရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်သွားမည်ကိုသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ပထမဆုံးဆောင်ရွက်နေခြင်းမှာ နိုင်ငံဝင်ငွေ/ ထွက်ငွေ ညီမျှအောင်ဆောင်ရွက်နေကြောင်း၊ အခြေခံစားကုန်များ ကုန်ဈေးနှုန်းကျဆင်းနိုင်ရေးသည် သယ်ယူပို့ဆောင်ရေးကိစ္စ၊ စက်သုံးဆီဈေးနှုန်းနှင့် သက်ဆိုင်ကြောင်း၊ စက်သုံးဆီ ဈေးနှုန်းမြင့်လာခြင်းကို ထိန်းချုပ်၍မရကြောင်း၊ ထိန်းချုပ်၍ ရနိုင်သည့်အရာမှာ အခြေခံစားကုန်များကို စားသုံးသူလက်ဝယ်သို့ တိုက်ရိုက်ရောက်ရှိရေးကို ဆောင်ရွက်၍ရပြီး အဆိုပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာသံတော်ဆင့်သတင်းဌာနမှ အယ်ဒီတာ ဦးကိုကိုကြီး**က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဇော်မြင့်မောင်သည် ပုဒ်မ-၅၀၅(ခ)ဖြင့် မန္တလေးအိုးဘိုထောင်တွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရပါကြောင်း၊ ၎င်းပုဂ္ဂိုလ်သည် သွေးကင်ဆာရောဂါခံစားခဲ့ရပြီး နိုင်ငံခြားတွင် သုံးလဆေးသွင်းခဲ့ရပါကြောင်း၊ **စာမျက်နှာ ၁၈ သို့** ❋

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှု တစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ် သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာ အပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့် ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေး ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း များအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံး များဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံး ထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မှန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့်စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင် အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေး တာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဝသန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်




**နေပြည်တော် ဇွန် ၁၇**

ဝသန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၃)ကို ဇွန် ၁၈ ရက် (သောကြာနေ့)ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ယင်းအစီအစဉ်တွင် Triple “S” Music Band ၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော် အဆိုတော်များဖြစ်ကြသည့် စောဂွန်၊ ထက်အာကာကျော်၊ ရတု၊ ခိုင်သဥ္ဇါစိမ့်၊ ရွှန်းလဲ့ရည်အောင်၊ မြင့်မြတ်သူ၊ အိဝေဖူးချို၊ သွန်းအိန္ဒြေတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

အဆိုပါ တင်ဆက်မှုကို ဇွန် ၂၀ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဟသ်ာတငါးလုပ်ငန်းစခန်းတွင် မိုးရာသီသစ်ပင်စိုက်ပျိုး

**ဟသ်ာတ ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတငါးလုပ်ငန်းစခန်း၌ ယမန်နေ့က ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီ ၁၅၀၊ မန်ကျည်းရှား ၁၀၀၊ ပျဉ်းကတိုး ၁၀၀၊ ဒန့်သလွန် ၁၀၀၊ ပေါက်ပန်းဖြူ ၁၀၀ တို့ကို ငါးလုပ်ငန်းစခန်း၏ ခြံစည်းရိုး တစ်လျှောက်နှင့် မြေလပ်နေရာမကျန် တပျော်တပါးစိုက်ပျိုးခဲ့ကြသည်။ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်သစ်တောဦးစီးမှူးများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ခရိုင်အတွင်းရှိ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဟသ်ာတငါးလုပ်ငန်း စခန်းတာဝန်ခံနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

✻ **စာမျက်နှာ ၁၇ မှ**

ထောင်ထဲတွင် ၎င်း၏ကျန်းမာရေးစောင့်ရှောက်မှုနှင့် ၎င်းပုဂ္ဂိုလ်အသုံးပြုလျက်ရှိသော ဆေးဝါးများကို တင်သွင်းမှု ရ၊ မရသိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မန္တလေးဗဟို အကျဉ်းထောင်တွင် ထိန်းသိမ်းထားရှိသည့် ဒေါက်တာဇော်မြင့်မောင်၏ လတ်တလော ကျန်းမာရေးအခြေအနေသည် သွေးကင်ဆာ၊ ဆီးချိုသွေးချို၊ သွေးတိုး၊ နှလုံးသွေးကြောကျဉ်းရောဂါများ ရှိနေခြင်းကို သိရှိရပါကြောင်း၊ ပြင်ပကတည်းက ရောဂါခံစားခဲ့ရခြင်းဖြစ်ပါကြောင်း၊ အကျဉ်းထောင်တွင် ကျန်းမာရေးဆက်လက်ကုသခွင့်ပေးထားပါကြောင်း၊ သွေးကင်ဆာအတွက်ဆေးကို တစ်လနှစ်ကြိမ် ထိုးပေးပါကြောင်း၊ တစ်လကိုတစ်ကြိမ် သွေးစစ်ပေးခြင်းနှင့် ပြင်ပမှ အထူးကုဆရာဝန်များ၏ လမ်းညွှန်မှုနှင့် အကျဉ်းထောင်တွင် ကုသပေးလျက်ရှိကြောင်း၊ နေ့စဉ်ပုံမှန် တစ်ရက်တစ်ကြိမ် အကျဉ်းထောင်အတွင်းမှ ဆေးရုံအုပ်ကြီးကလည်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေါက်တာဇော်မြင့်မောင်၏ ကျန်းမာရေး ဆေးကုသမှုအနေဖြင့် အကျဉ်းထောင်မှ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ကျန်းမာရေးကောင်းမွန်အောင် ဆောင်ရွက်ပေးထားပြီး ကျန်းမာရေးကောင်းမွန်မှုရှိကြောင်း၊ ဆောင်ရွက်သည့်နေရာတွင် မည်သည့် အကျဉ်းသား၊ အချုပ်သားကိုမှ ခွဲခြားမထားဘဲ ရသင့်ရထိုက်သော အခွင့်အရေးများကို အကျဉ်းထောင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးထားပါကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာသံတော်ဆင့်သတင်းဌာနမှ အယ်ဒီတာ ဦးကိုကိုကြီး**က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ overtime ဆင်းသော ဆရာဝန်များကို ညကြေးခံစားခွင့်ပေးပါကြောင်း၊ အခြားဝန်ကြီးဌာနများအနေဖြင့် (ဥပမာ-ပြန်ကြားရေးဝန်ကြီးဌာန သတင်းစာရိုက်နှိပ်ရသောဌာနအနေဖြင့် ညတာဝန်ထမ်းဆောင်ရသော ဝန်ထမ်းများရှိကြောင်း)၊ အခြားဝန်ကြီးဌာနများအနေဖြင့်လည်း ညကြေးခံစားခွင့် ဆောင်ရွက်ပေးခြင်း ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိနှင့်သက်ဆိုင်သော ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မရှိပါကြောင်း၊ သတင်းစာရိုက်နှိပ်ထုတ်ဝေသော လုပ်ငန်းသည် ညပိုင်းတွင် ပြုလုပ်ရသော လုပ်ငန်းတာဝန်ဖြစ်သောကြောင့် လုပ်ငန်းစဉ်အတိုင်းသာ ပြုလုပ်နေကြောင်း၊ အခြားဝန်ကြီးဌာနများအနေဖြင့်လည်း မိမိမေးမြန်းပြီးမှသာ ပြန်လည်ဖြေကြားနိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာသံတော်ဆင့်သတင်းဌာနမှ အယ်ဒီတာ ဦးကိုကိုကြီး**က မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်အနီး လှည့်ကင်းဆောင်ရွက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲနှစ်ဦးကို (4wheel) မော်တော်ယာဉ်ဖြင့်တိုက်၍ ထွက်ပြေးသွားပါကြောင်း၊ ကားပေါ်တွင်ပါလာသော လူ ခုနစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခြင်းကြောင့် ရဲနှစ်ဦး ကျဆုံးခဲ့ရပါကြောင်း၊ ဆက်စပ်တရားခံများ၏ နေအိမ်များအား လိုက်လံရှာဖွေခဲ့ရာ M-16 အလက် ၂၀ ရှာဖွေတွေ့ရှိခဲ့သည်ကို သိရှိရပါကြောင်း၊ ၎င်းအကြမ်းဖက်အဖွဲ့အစည်းသည် ဘယ်ကလာသည်နှင့် မည်သည့်သင်တန်းဆင်းများဖြစ်သည်ကို မသိရှိရပါကြောင်း၊ ဖမ်းဆီးရရှိမှု ရှိ၊ မရှိသိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ၎င်းအဖွဲ့အစည်းနှင့် ဆက်စပ်သည့် လက်နက်ပစ္စည်းများသိမ်းဆည်းရရှိမှုရှိပါကြောင်း၊ သေတ္တာနှစ်လုံးသိမ်းဆည်းရရှိခဲ့ကာ ၎င်းအဖွဲ့အစည်းကို စုံစမ်းနေပြီး သတင်းအဆက်အစပ်ရရှိနေပြီဖြစ်ကြောင်း၊ မကြာခင်သိရှိရမည် ဖြစ်ကြောင်း၊ မိမိတို့ video file တွင် ပြသခဲ့သည့်အတိုင်း တမူးဘက်မှ လက်နက်လာသယ်သွားသူများရှိကြောင်း၊ ၎င်းတို့နှင့်အဆက်အစပ်ရှိသူများဖြစ်ကြောင်း၊ ဝင်လာသည့်လမ်းကြောင်းလည်း အတူတူဖြစ်ကြောင်း၊ ရောင်းပေးသည့်သူ အတူတူဖြစ်နိုင်ကြောင်း ပြန်လည်ဖြေကြားသည်။ ။

# ကျန်းမာဘဝလှပဖို့ ဆေးလိပ်ဖြတ်ကြပါစို့

**ထက်ဝေအောင်(စစ်ကိုင်း)**

လူ့သဘာဝ၊ လူ့စိတ်အရ ကောင်းမှုတွင် စိတ်သည် ပျော်မွေ့လေ့မရှိဘဲ မကောင်းမှုတွင်သာ စိတ်ပါဝင်စားလေ့ရှိကြသည်။ စိတ်၏စွဲလမ်းမှုက ကြောက်စရာကောင်းလှသည်။ မကောင်းမှန်းသိပါလျက် ငြိတွယ်လွယ်လွန်းလှသည်။ အသစ်အဆန်းတွေ့လျှင် စမ်းသပ်ကြည့်ချင်စိတ်က ခေါင်းထောင်လာသည်။ မကောင်းသောအလေ့အကျင့်မှာမူ မီးတောက်ပမာလောင်ကျွမ်းတတ်ပြီး အဆိပ်ပမာ အသက်ကို လွယ်ကူစွာ နုတ်ယူနိုင်စွမ်းရှိပေသည်။

**လူငယ်များ၏ရန်သူ**

စမ်းသပ်မှုသည် ပထမဦးဆုံးခြေလှမ်းဖြစ်ပါသည်။ လူငယ်များ ဆေးလိပ်၊ ကွမ်းယာကို တစ်ဖွာ၊ တစ်ယာက စတင်သုံးစွဲကြသည်။ မစသင့်သော အစကနဦးလုပ်ရပ် ဖြစ်သည်။ ဆေးလိပ်၊ ကွမ်းယာသည် လူငယ်များ၏ရန်သူဖြစ်သည်။ ပညာရေး၏ ဆူးငြောင့်ခလုတ်လည်းဖြစ်သည်။ တစ်ဖွာ တစ်ရှိုက်သည်ပြဿနာမဟုတ်သော်လည်း နေ့စဉ်ရက်ဆက်လာလျှင် ဘဝအတွက် ပြဿနာဖြစ်လာနိုင်သည်။ မသောက်ရ မနေနိုင်၊ မသုံးရ မစားနိုင် ဖြစ်သွားနိုင်သည်။ လူငယ်လူရွယ်ကလေးများ သတိကြီးကြီးထားရှိသင့်သည်။ ဆေးလိပ်၊ ကွမ်းယာ၊ အရက်များကို အဖျက်အမှောင့်ရန်သူပမာ သတ်မှတ်ရှောင်ရှားမှသာ မူးယစ်ကင်းစင်မြန်မာပြည်တစ်ခွင် ဖြစ်လာပါမည်။

ဆေးလိပ်၊ ကွမ်းယာမှတစ်ဆင့် ဖြစ်ပွားနေသော ရောဂါများက တစ်နေ့တခြား များပြားလာသည်။ မစည်ကားသင့်သည့် ဆေးရုံ၊ ဆေးခန်းတွင် ရောဂါဝေဒနာခံစားနေရသူများ ပြည့်နှက်နေသည်။ ဆေးလိပ်၊ ကွမ်းယာဒဏ်ကို အလူးအလဲခံရသူများ၏ရင်ဖွင့်စကားသံကို နှောင်းလူတို့ သတိပြုသင့်ပေသည်။ အသက်နှင့်ရင်းပြီး လုပ်ဆောင်ခဲ့သည့် အပြုအမူအမှား၊ စိတ်အလိုလိုက်မှုအမှားများက နောက်ကျသွားခဲ့ပြီ ဖြစ်ပါသည်။ ပြန်လည်ပြင်ဆင်မရနိုင်သည့်ဝေဒနာဆိုးများဖြင့် အဓိပ္ပာယ်အပြည့်ရှိသော လောကကြီးကို နှုတ်ဆက်သွားကြသည်။




**အဆိပ်သက်သက်သာဖြစ်**

ယနေ့ခေတ် ဆေးလိပ်၊ ကွမ်းယာသည် အဆိပ်သက်သက်သာဖြစ်သည်ဟု ဆိုချင်သည်။ ဆေးလိပ်တစ်လိပ် ဖော်စပ်နည်းကို မသိရှိကြသော်လည်း လူကိုစွဲလမ်းစေသည့် ပစ္စည်းများစွာ ပါဝင်သည်ဟု တပ်အပ်သိရှိကြသည်။ ဈေးကွက်ဝင်ပစ္စည်းတစ်ခုဖြစ်ရေး စီးပွားရေးသမားအများစု ကြံဆထားသည်။ စီးပွားရေးအမြတ်ထွက်ရေး "ဘယ်သူသေသေ ငတေမာလျှင်ပြီးရော" စိတ်ဓာတ် မွေးမြူသည်။ ထို့အတူ ကွမ်းယာတစ်ယာကို လေ့လာကြည့်လျှင် ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး၊ ဆေး အချိုးအဆညီညီပါဝင်သည်။ ရှေးမြန်မာလူကြီးများက ကွမ်းယာတွင် ဆေးရွက်ကြီးထည့်ဝါးသည်။ ယနေ့အချိန် ကွမ်းစားဆေးအမျိုးမျိုးပေါ်ထွက်လာပြီး နိုင်တီတူး၊ နိုင်တီဖိုက်အစရှိသည့် ဆေးများကို အလွန်အကျွံသုံးစွဲလာကြသည်။ နိုင်ငံခြားဖြစ် ကွမ်းစားဆေးများ သုံးစွဲခြင်းက ခံတွင်းရောဂါမျိုးစုံ ဖြစ်ပွားနိုင်ပေသည်။ ဆေးလိပ်ကွမ်းယာ သုံးစွဲသူတိုင်း၏ ခံတွင်းရနံ့မှာ သင်းကြိုင်၍ မနေနိုင်ပေ။ ခံတွင်းအနံ့ဆိုးခြင်း၊ သွားဖုံးနာခြင်း၊ သွေးယိုခြင်း၊ လျှာ၏အရသာခံနိုင်စွမ်းအား ကျဆင်းစေခြင်း၊ ခံတွင်းအတွင်းအနာများဖြစ်ခြင်း၊ သွားများပျက်စီးခြင်းနှင့် ခံတွင်းကင်ဆာဖြစ်ပွားနိုင်ခြင်း အစရှိသောဝေဒနာများ ရရှိနိုင်သည်။

ဓာတုပစ္စည်းအသုံးပြုထားသည့် ဆေးလိပ်က အဆုတ်ကို ဖျက်ဆီးနိုင်စွမ်းရှိသည်။ ဆေးလိပ်သောက်ခြင်းဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းများကိုလည်း အနေးနှင့်အမြန် ထိခိုက်နိုင်သည်။ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှုအလိုက်၊ အချိန်ကာလအလိုက် ဆေးလိပ်ဆိုးကျိုးသက်ရောက်မှုက တိတိကျကျရောက်ရှိလာမည်ဖြစ်သည်။ ဆေးလိပ်သောက်ခြင်းကြောင့် အရေပြားပြဿနာ၊ သွားဖုံးပြဿနာ၊ မျက်စိပြဿနာ၊ အဆစ်အမျက်ရောင်ရမ်းကိုက်ခဲခြင်းပြဿနာကဲ့သို့ ဝေဒနာအမျိုးမျိုး ခံစားရနိုင်သည်။ အဆုတ်ကင်ဆာကဲ့သို့ ထိတ်လန့်စရာ ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေလည်းပိုများသည်။ ဦးနှောက်၊ နှလုံးအစိတ်အပိုင်းများ၏ လုပ်ဆောင်နိုင်စွမ်းကိုလည်း ကျဆင်းထိခိုက်စေနိုင်သည်။

ဆေးလိပ်၊ ကွမ်းယာက ဘဝခွန်အားမဟုတ်ပေ။ အားကိုးယုံကြည်စရာလည်း မကောင်းပေ။ စိတ်၏စွဲလမ်းမှုသက်သက်သာဖြစ်သည်။ စိတ်၏စွဲလမ်းမှုများကို ပယ်ဖျောက်ပြီး ကျန်းမာသောဘဝကို တည်ဆောက်ရာတွင် မိမိယုံကြည်ချက်က အဓိကကျသည်။ ငါလုပ်နိုင်သည်။ ငါ့စိတ်ငါနိုင်သည်ဟူသော ယုံကြည်ချက်ရှိရန် လိုအပ်သည်။

ဘေးထွက်ဆိုးကျိုးများလှသည့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းယာဝါးခြင်းအမှုကိစ္စများကို ရှောင်နိုင်လျှင် ကောင်းလှပေသည်။ အပေါ်ယံအမြင်ဖြင့်ကြည့်လျှင်ပင် ကောင်းကွက်မရှိသည့် ဆေးလိပ်၊ ကွမ်းယာတို့ကို အစမလုပ်သင့်ပေ။ သွေးဆောင်ဖြားယောင်းတတ်သည့် အပေါင်းအသင်း သူငယ်ချင်းများကို ဝေးဝေးကရှောင်သင့်သည်။ ဆေးလိပ်၊ ကွမ်းယာအစ အပေါင်းအသင်းကဟု ဆိုနိုင်ပြန်သည်။ လူမှုပတ်ဝန်းကျင်တွင် အကောင်း၊ အဆိုး ဒွန်တွဲနေရာ အတုခိုးမှားလျှင် လမ်းမှားရောက်နိုင်သည်။ လူငယ်ထုအကြား ဆေးလိပ်၊ ကွမ်းယာလွှမ်းမိုးမှုပြဿနာ မကြီးထွားစေရန် ဝိုင်းဝန်းထိန်းသိမ်း အဖြေရှာကြရမည်ဖြစ်သည်။ ဆေးလိပ်တိုက်ဖျက်ရေး လုပ်ငန်းများကိုလည်း ပြည်သူတစ်ရပ်လုံးက ကျယ်ပြန့်စွာ ပူးပေါင်းပါဝင် လုပ်ဆောင်ကြရမည် ဖြစ်သည်။

**ဆေးလိပ်ဖြတ်နိုင်စွမ်း**

လူတိုင်း ဆေးလိပ်ဖြတ်နိုင်စွမ်းရှိပါသည်။ ရည်မှန်းကြိုးစားမှုတိုင်း အချည်းနှီးမဖြစ်နိုင်ပေ။ အစီအစဉ်တကျလုပ်ဆောင်သော အမှုကိစ္စတိုင်း အောင်မြင်နိုင်သည်။ ကြိုတင်ပြင်ဆင် အောင်ပွဲမြင်ရလေ့ရှိသည်။ ကနဦးထားရှိရမည့်စိတ်မှာ ဆေးလိပ်ဖြတ်ချင်စိတ်ဖြစ်သည်။ ဆေးလိပ်ဖြတ်စဉ် ဖြစ်ပေါ်နိုင်သည့်အခြေအနေနှင့် စိတ်ခံစားချက်ကို နားလည်ထားရမည်။ ဆေးလိပ်ဖြတ်လိုသည့် အဓိကရည်ရွယ်ချက် ရှိရမည်။ အခြေခံ ဆေးလိပ်သောက်လိုစိတ်၏ အကြောင်းရင်းဇာစ်မြစ်ကို ရှာဖွေရမည်။ ဆေးလိပ်သောက်ချင်စိတ်ကို ဇွဲရှိရှိတွန်းလှန်တိုက်ထုတ်ရမည်။ မိဘမောင်နှမသားချင်းများ၏ အကူအညီများကို ရယူနိုင်သကဲ့သို့ မိမိကိုယ်တိုင်လည်း စိတ်စွမ်းအားအပြည့် လုပ်ဆောင်ရမည်။ အရိုးစွဲနေသည့် ဆေးလိပ်၊ ကွမ်းယာစွဲလမ်းမှုက အားကြီးလျှင် အားကြီးသလောက် ဆေးလိပ်ဖြတ်ရန် အတားအဆီးဖြစ်စေသည်။ ဆေးလိပ်နံ့နှင့်ဝေးအောင်၊ ကွမ်းယာဆိုင်နှင့်ဝေးအောင် နေထိုင်ချိန်များတွင် အနှောင့်အယှက်အမျိုးမျိုး ဝင်လာနိုင်သည်ကို သတိထားရှိရမည်။ စိတ်၏ခံနိုင်ရည်ကို မြှင့်တင်ပြီး ဆေးလိပ်သောက်လိုစိတ်ကို တားဆီးကြရမည် ဖြစ်ပါကြောင်း တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

> ★ **လူတိုင်း ဆေးလိပ်ဖြတ်နိုင်စွမ်းရှိပါသည်။ ကနဦးထားရှိရမည့်စိတ်မှာ ဆေးလိပ်ဖြတ်ချင်စိတ်ဖြစ်သည်။ ဆေးလိပ်ဖြတ်စဉ် ဖြစ်ပေါ်နိုင်သည့် အခြေအနေနှင့် စိတ်ခံစားချက်ကို နားလည်ထားရမည်။**
>
> ★ **ဆေးလိပ်သောက်ချင်စိတ်ကို ဇွဲရှိရှိ တွန်းလှန်တိုက်ထုတ်ရမည်။ မိဘမောင်နှမသားချင်းများ၏ အကူအညီများကို ရယူနိုင်သကဲ့သို့ မိမိကိုယ်တိုင်လည်း စိတ်စွမ်းအားအပြည့် လုပ်ဆောင်ရမည်။**

---

**❖ ကျောဖုံးမှ**

ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ယခုလကုန်ပိုင်းမှာ ကုန်ဆုံးမှာဖြစ်တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ လမ်းခွဲဖို့ ရာမို့စ်က ဆုံးဖြတ်ထားတာဖြစ်ပါတယ်။

နောက်တန်းကစားသမား ရာမို့စ်ဟာ ၂၀၀၅ ခုနှစ်အတွင်းက ဆီဗီလာအသင်းကနေ ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားပေးနိုင်ခဲ့သလို စပိန်လက်ရွေးစင်အသင်းအတွက်လည်း ယူရို ၂၀၀၈ နဲ့ ယူရို ၂၀၁၂ တို့မှာ ချန်ပီယံဆုဖလားကို ရယူပေးနိုင်ခဲ့တဲ့အပြင် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း စပိန်အသင်းကို ချန်ပီယံဖြစ်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

ငွေကြယ်

**■ မြန်မာနောက်ခံလူမှ**

ထိုင်းလိဂ်-၁ ကလပ် ချောင်ဘူရီအသင်း၊ ၂၀၂၀-၂၀၂၁ ရာသီတွင် ထိုင်းလိဂ်-၁ ကလပ် ဆူခိုထိုင်းအသင်းတို့တွင် ပါဝင်ကစားခဲ့သည်။ ထရတ်အသင်းမှာ ဇော်မင်းထွန်းအတွက် တတိယမြောက် ထိုင်းကလပ်အသင်းဖြစ်ပြီး ထိုင်းလိဂ်-၂ တွင်မူ ပထမဆုံးသွားရောက်ကစားခြင်းဖြစ်သည်။ ဇော်မင်းထွန်းသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝတွင် ကလပ်အသင်းများစွာ၌ ပါဝင်ကစားခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်တွင် ကစားစဉ်က မကွေး၊ ရတနာပုံနှင့် ရန်ကုန်အသင်းသုံးသင်းတွင် ကစားခဲ့သလို ထိုင်းလိဂ်တွင်လည်း သုံးသင်းအထိ ရှိသွားပြီဖြစ်သည်။

ထရတ်အသင်းသည် ပြီးခဲ့သည့်ရာသီကလည်း မြန်မာကစားသမားများကို ခေါ်ယူအသုံးပြုခဲ့ဖူးပြီး တိုက်စစ်မှူး အောင်ကောင်းမာန်နှင့် တိုက်စစ်ကစားသမား ဆွမ်လမန်တို့ ပါဝင်ကစားခဲ့ဖူးသည်။ ထရတ်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် ထိုင်းလိဂ်-၁ ၌ ပါဝင်ကစားခဲ့သော်လည်း ရာသီကုန်တွင် တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - ထရတ်အသင်း**

**အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး**

# ဒေါင်းယာဉ်ပျံ ဘုံနံ့သေးမှာ စာရေးလို့ ထားချင်တယ်

နွမ်ဂျာသိုင်း

(၁၆-၆-၂၀၁၂ မှ အဆက်)

- ၆ -

"ဟယ်... ကိုနိုင်လင်း လာသွားတယ်ဟုတ်လား သက်သက်"

အရေးတကြီးလိုအပ်နေသော ယတြာကို ထမြောက်အောင်မြင်စွာချေလာခဲ့ပြီး ကျေနပ်ကြည်နူးစိတ်ချစွာပြန်လာသော ခင်မြင့်ဆွေသည် သက်သက်စကားကြောင့် မျက်လုံးပြူးသွားလေ၏။

သက်သက်က ပြုံး၍ ခေါင်းညိတ်ပြီး

"ဟုတ်ပ့ါ မမဆွေ။ မမဆွေ ထွက်သွားပြီး မကြာခင်ရောက်လာတယ် "

"ဒုက္ခပါပဲ သက်သက်ရယ်။ ကိုနိုင်ကြီးတော့ တို့ကို ဘယ်လိုများ အောက်မေ့သွားမလဲ မသိဘူး။ တို့ကို မမေးဘူးလား။ ဘယ်သွားနေလဲလို့ "

"ဘယ်သွားလဲ တိတိကျကျတော့ သူ မမေးပါဘူး။ သက်သက်က အောက်ရောက်ရောက်ချင်း မမဆွေ မရှိဘူး။ အပြင်သွားတယ် ကြိုပြောထားတာကိုး "

"တော်သေးတာပေ့ါ။ သက်သက် လျှင်ပေလို့။ အပြင်သွားတယ်ပဲပြောတာ မဟုတ်လား "

"အင်းပေ့ါ။ ဘယ်သူနဲ့ ဘယ်သွား ဘယ်လို မပြောပါဘူး။ အဲဒါတော့ ပြောမလား မမဆွေကလဲ။ သက်သက် ဒီလောက်တော့ မ'အ'ပါဘူး "

"ကျေးဇူးပါပဲ သက်သက်ရယ်။ ဩော်... ဒါနဲ့ ကိုနိုင်လင်းက ဘာလာလုပ်တာလဲ။ အလည် သက်သက် ဝင်လာတာလား... "

"မဟုတ်ပါဘူး မမဆွေ။ ကိစ္စနှစ်ခုရှိလို့ ဝင်လာတာတဲ့ "

သက်သက်က ကိုနိုင်လင်း လာရောက်ပုံနှင့် ပြောဆိုသည့် စကားများကို အသေးစိတ် ရှင်းပြသည်။ ခင်မြင့်ဆွေက နားထောင်ရင်း သက်သက် စကားအဆုံး၌ ပြုံးသည်။

"ဒါဖြင့် ကိုနိုင့်ကို သက်သက် ဒိုင်ခံဧည့်ခံလိုက်ရတာပေ့ါ။ ဘာမှတော့ မကျွေးလိုက်ဘူးလား "

"ဟာ.. မမဆွေကလည်း ဘာသွားကျွေးမှာလဲ။ ဒီမှာ ဘာမှမရှိတာ..."

"မဟုတ်ဘူးလေ။ ကင်တင်းခေါ်သွားပြီး တစ်ခုခုကျွေးလိုက် ပြီးရော၊ အအေးဖြစ်ဖြစ်ပေ့ါ"

"မသွားရဲပါဘူး မမဆွေကလည်း။ ကိုနိုင်လင်းနဲ့ သက်သက်နဲ့က သိပ်ရင်းနှီးကြတာမှ မဟုတ်တာ။ မမဆွေရှိရင်တော့ ဟုတ်တာပေ့ါ"

ခင်မြင့်ဆွေ ခေါင်းညိတ်ပြီး

" အေးပါ။ ဟုတ်ပါတယ်။ နှစ်ယောက်တည်း သွားတော့လည်း ဘယ်သင့်တော်မလဲ။ ကိစ္စမရှိပါဘူး၊ မနက်ဖြန် တစ်ခါလာဦးမှာပဲ။ အဲဒီကျမှ မမဆွေပါ လိုက်ပြီး အအေးတိုက်တာပေ့ါ "

အဆောင်အပြင်ဘက်မှ လက်လိုက်သော လျှပ်စီး အလင်းတစ်ခုသည် အခန်းထဲအထိ ရောက်ရှိလာ၏။

-၇-

" ကိုနိုင်က ဟိုမှာ ဘယ်လောက်ကြာမှာလဲ "

ခင်မြင့်ဆွေ အမေးကို နိုင်လင်းက စိတ်ဖြင့် တွက်ကြည့်ဟန်ပြုရင်း

"တစ်ပတ်၊ ဆယ်ရက် အလွန်ဆုံးလို့ အောက်မေ့တာပဲ မဆွေ။ ခုဟာက စကားပြောရုံဆိုတော့ သိပ်ကြာစရာ မရှိပါဘူး။ တကယ် သွားဆောက်ရပြီဆိုရင်တော့ ကြာမှာပေ့ါ "

"ဒါနဲ့ နေပါဦး ကိုနိုင်။ မသိလို့ မေးမလို့။ ကိုနိုင်က ဒါတွေ သွားဆောက်ရအောင် ကိုနိုင် ဘယ်တုန်းက အင်ဂျင်နီယာပညာ သင်ထားလို့လဲ "

နိုင်လင်း ရယ်သည်။

"ကျွန်တော့်အလုပ်က ကိုယ်တိုင်ဆောက်တဲ့ ပညာမှ တတ်စရာမှ မလိုတာ မဆွေရဲ့။ ဆောက်တာက ဆောက်တတ်တဲ့ ပညာရှင်တွေ ဆောက်မှာပေ့ါ။ ကျွန်တော်က ပိုင်ရှင်လိုချင်တဲ့ အချိန်ပြီးဖို့ရယ်၊ ပိုင်ရှင် သုံးမယ့်ငွေနဲ့ လောက်ငအောင် ချိန်ပြီး စီစဉ်ပေးဖို့ ရယ်ပဲ ရှိတာပဲ "

"ဩော်... ဒါဖြင့် အင်ဂျင်နီယာတို့၊ လက်သမားတို့ တော့ ကိုနိုင်က ငှားပေးရမှာပေ့ါ"

"ဒါပေ့ါအိမ်တစ်လုံး၊အဆောက်အအုံတစ်ခုအတွက် လိုအပ်တဲ့ ပညာရှင်မှန်သမျှ ဆက်သွယ် စုဆောင်းထားပြီးသား။ လိုတဲ့ပစ္စည်းရှာဝယ်ဖို့လည်း အဆက်အသွယ်ရှိပြီးသား"

သူတို့ချင်း အာလာပသလ္လာပ ပြောနေစဉ်မှာ သက်သက် ငေါင်တောင်တောင်တော့ ဖြစ်နေသည်။ သည်ဘာသာရပ်ကလည်း သူ စိတ်မဝင်စားသည့် ဘာသာရပ်။ ဘာမှဝင်မပြောသည့်တိုင် ထိုင် နားထောင်နေမိသည်။

" သက်သက်ကကော အိမ်ကို စာပဲ ပေးရုံပဲလား။ တခြား ဘာမှာစရာရှိသေးလဲ "

သက်သက် ပြုံးပြီး ခေါင်းခါ၍

"မရှိပါဘူး ကိုနိုင်လင်း။ သက်သက် အစ်ကိုကြီးက ရန်ကုန်မှာပဲဆိုတော့ မှာစရာ ပြောစရာရှိရင် သူ့ဆီ ပြောလို့ ရနေတာပဲ။ ကိစ္စအထွေအထူးလည်း မရှိပါဘူး"

နိုင်လင်း ရယ်သည်။

"သက်သက်က အေးတယ်နော်။ စကားလည်း သိပ်မပြောဘူး"

"မဟုတ်ပါဘူး။ ကိုနိုင်လင်းတို့၊ မမဆွေတို့ ပြောတာ နားထောင်ကောင်းလို့ နားထောင်နေတာပါ"

"မသိပါဘူးဗျာ။ မဆွေနဲ့ ကျွန်တော်တို့ လေပန်းတာများနေလို့ ပျင်းပြီး စိတ်ညစ်များနေသလားလို့"

" မညစ်ပါဘူး ကိုနိုင်လင်း။ သက်သက် အများကြီး ဗဟုသုတရပါတယ်။ သက်သက် ဒီအကြောင်းတွေ အရင်က နားမှ မလည်တာ။ ခုမှ နည်းနည်း သဘောပေါက်တယ် "

" ဟုတ်တယ်။ ဆွေလည်း အဲဒီလုပ်ငန်းကို အစက မသိဘူး။

အခုမှ ကိုနိုင်ပြောပြလို့ သိရတာ.. "

"ဒါကတော့ ဒီလိုပဲပေ့ါဗျာ။ ကျွန်တော်လည်း အစက ဒါတွေ ဘယ်နားလည်မှာလဲ။ ဒါမျိုးတွေ လုပ်ရလိမ့်မယ်လို့တောင် မထင်မိဘူး။ ဝါသနာလည်း ပါတာမဟုတ်ဘူး။ ဒါပေမဲ့ ဘဝအခြေအနေအရ အလုပ်တစ်ခု ဖြစ်လာတော့လည်း နားလည်အောင် လုပ်ယူရတာပေ့ါ။ ဘဝမှာ ဖြစ်ချင်တာက ဒါမဟုတ်ဘူး"

"ကိုနိုင် ဘာဖြစ်ချင်လို့လဲ"

"ကျွန်တော့် ဝါသနာနဲ့ ကျွန်တော် ဖြစ်ချင်တာကတော့... သီချင်းရေးဆရာ၊ စာရေးဆရာလိုဟာမျိုး တစ်ခုခုပေ့ါဗျာ။ ရင်ထဲမှာ ခံစားရတဲ့ ဝေဒနာလေးတွေနဲ့ သီချင်းလေးတွေဖွဲ့ ။ ကဗျာစာသားလေးတွေ ဖွဲ့ချင်နေတာပေ့ါ။ ဒါပေမဲ့ အခုတော့ အဲဒါတွေ မလုပ်ရဘဲ အုတ်ခဲတွေ ဘိလပ်မြေတွေနဲ့ အိမ်တွေ တိုက်တွေပဲ လိုက်လုပ်နေရတော့ ဘဝဆိုတာ မလွယ် ပါဘူးဗျာ"

**ကျွန်တော့်ဝါသနာနဲ့ ကျွန်တော် ဖြစ်ချင်တာကတော့... သီချင်းရေးဆရာ၊ စာရေးဆရာလိုဟာမျိုး တစ်ခုခုပေ့ါဗျာ။ ရင်ထဲမှာခံစားရတဲ့ ဝေဒနာလေးတွေနဲ့ သီချင်းလေးတွေဖွဲ့။ ကဗျာစာသားလေးတွေ ဖွဲ့ချင်နေတာပေ့ါ။ ဒါပေမဲ့ အခုတော့ အဲဒါတွေ မလုပ်ရဘဲ အုတ်ခဲတွေ ဘိလပ်မြေတွေနဲ့ အိမ်တွေ တိုက်တွေပဲ လိုက်လုပ်နေရတော့ ဘဝဆိုတာ မလွယ်ပါဘူးဗျာ**

"အဲ... လာပြန်ပြီ စာရေးဆရာဖြစ်ချင်တဲ့ လူတစ်ယောက်။ ဒီမှာလည်း တစ်ယောက်ရှိသေးတယ်။ သူလည်း ဖတ်လိုက်ရတဲ့ စာအုပ်တွေ၊ နောက်တော့ သာ ဘာဖြစ်မလဲ မသိတာ..."

ခင်မြင့်ဆွေက သက်သက်ဘက် အကြည့်ဖြင့် ညွှန်ရင်း ရယ်ရယ်မောမော ပြောသည်။ နိုင်လင်းက သက်သက်ကို လှမ်းကြည့်ပြီး

"ဘယ်သူလဲ သက်သက်လား..."

သက်သက် ရှက်ပြုံးဖြင့် တုံ့ပြန်၍ -

"မမဆွေက အလကားပြောတာပါ ကိုနိုင်လင်းရာ။ သက်သက်က စာဖတ်တာ ဝါသနာပါလို့ စာဖတ်တာပါ။ စာရေးဆရာလုပ်ဖို့ ရည်ရွယ်ချက် မရှိပါဘူး။ ရှိလည်း ဖြစ်မှာမှ မဟုတ်တာ..."

"ရည်ရွယ်ချက် မရှိတော့ ကိစ္စမရှိပါဘူး။ ရည်ရွယ်ချက် ရှိရင်တော့ ဖြစ်အောင်လုပ် သက်သက်။ ကြိုးစားရင် မဖြစ်ဘူးဆိုတာ မရှိဘူး။ ကိုယ်ဖြစ်ချင်တာကို ဖြစ်ရမှ လောကမှာ စိတ်ချမ်းသာတာ။ ဖြစ်ချင်တာ မဖြစ်ရလို့ ဖြစ်နိုင်တာချည်း အခြေအနေအရ လုပ်ရတာမျိုးက အနည်းနဲ့ အများတော့ စိတ်ပင်ပန်းတာပဲ"

ခင်မြင့်ဆွေက ရယ်သည်။

"အမယ်လေး ကိုနိုင့်ကြည့်ရတာ တရားတွေ သံဝေဂတွေ ရနေသလိုပဲ။ ဘာဖြစ်လို့လဲ ဒီအလုပ်လုပ်ရတာ မပျော်လို့လား..."

"မပျော်ဘူးတော့ မဟုတ်ပါဘူးမဆွေရာ။ ဒါပေမဲ့ အခုနက ပြောသလိုပဲ ဘဝမှာ ကိုယ်လိုချင်တဲ့ ပုံစံမျိုးတွေ တစ်ခုမှ ဖြစ်မလာဘူး။ ဘဝက ခိုင်းသမျှကိုသာ အလိုက်သင့် လျှောက်လုပ်နေရတော့ ငြီးငွေ့သလိုဖြစ်တာပေ့ါ "

"ဒါဖြင့် မလုပ်ချင်တဲ့အလုပ်တွေ မလုပ်နဲ့ပေ့ါ ကိုနိုင်ရယ်။ ဒီအလုပ်လုပ်မှ စားနိုင်သောက်နိုင်မယ့် လူတွေမှ မဟုတ်ဘဲ။ ဒီလောက် ချမ်းသာနေတဲ့ဟာ ကိုယ်လုပ်ချင်တဲ့ အလုပ်ကိုပဲ ရွေးလုပ်ပေ့ါ ။

နိုင်လင်း မချိပြုံးဖြင့် ခေါင်းခါသည်။

"မရဘူး မဆွေ။ လောကမှာ စလျှောက်မိပြီးရင် နောက်ပြန်ဆုတ်လို့မရတဲ့ လမ်းတွေ အများကြီး ရှိတယ်။ အဲဒါကြောင့် ဘဝလမ်းကို လျှောက်တော့မယ်ဆိုရင် စရွေးတဲ့လမ်း မမှားဖို့ အရေးကြီးတယ်။ ခုန သက်သက်ကို ပြောတာလည်း အဲဒါပဲ။ ကိုယ်ဖြစ်ချင်တဲ့ ရည်ရွယ်ချက်ရှိရင် အဲဒီ ရည်ရွယ်ချက်အတိုင်း ရောက်နိုင်မယ့်လမ်းကို ရွေးပြီးလျှောက်။ အခြေနေအရ ဖြစ်ချင်တာ၊ မဖြစ်ချင်တာ မစဉ်းစားနိုင်တော့ဘဲ ကြုံရာလျှောက်လိုက်ရတဲ့ ဒုက္ခက အစပိုင်း သိပ်မသိသာဘူး။ ဒါပေမဲ့ ကြာလေ စိတ်ဆင်းရဲလေပဲ "

"ကိုယ်ရွေးတဲ့လမ်းကလည်း လျှောက်လို့ဖြစ်နိုင်ဦးမှပေ့ါ ကိုနိုင်လင်းရယ်...။ နို့မို့ဆို လမ်းခုလတ်မှာ ကိုးရိုးကားရားဖြစ်နေရင် မခက်ဘူးလား... "

**ဘဝလမ်းကို လျှောက်တော့မယ်ဆိုရင် စရွေးတဲ့လမ်းမမှားဖို့ အရေးကြီးတယ်။ ခုန သက်သက်ကိုပြောတာလည်း အဲဒါပဲ။ ကိုယ်ဖြစ်ချင်တဲ့ ရည်ရွယ်ချက်ရှိရင် အဲဒီရည်ရွယ်ချက်အတိုင်း ရောက်နိုင်မယ့်လမ်းကို ရွေးပြီးလျှောက်။ အခြေနေအရ ဖြစ်ချင်တာ၊ မဖြစ်ချင်တာ မစဉ်းစားနိုင်တော့ဘဲ ကြုံရာလျှောက်လိုက်ရတဲ့ဒုက္ခက အစပိုင်း သိပ်မသိသာဘူး။ ဒါပေမဲ့ ကြာလေ စိတ်ဆင်းရဲလေပဲ . . .**

စာမျက်နှာ ၂၁ သို့ ❍

# မကွေးမြို့ ကားကြီးဝင်း၌ ကုန်တင်ယာဉ်များ စစ်ဆေးရေးစခန်းဆောက်လုပ်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မကွေး ဇွန် ၁၇**

မကွေးမြို့ ကားကြီးဝင်း၌ ကုန်တင်ယာဉ်များ စစ်ဆေးရေးစခန်း ဆောက်လုပ်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးအောက်ထပ် အစည်းအဝေးခန်းမ၌ ဇွန် ၁၆ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်သည်။

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က ယခုအခါ မြို့တွင်း ယာဉ်အဝင်အထွက်များ ပိုမိုများပြားလာကာ ယာဉ်အန္တရာယ်ဖြစ်ပွားမှု၊ လမ်း/တံတားပျက်စီးမှုများ လျော့နည်းစေရန်နှင့် ယာဉ်အဝင်အထွက်များ စိစစ်စစ်ဆေးမှုများ လုပ်ဆောင်နိုင်စေရန် ကုန်တင်ကုန်ချကားကြီးဝင်းကို အမြန်ဆုံးပြန်လည် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဦးအောင်ချိန်က ကားကြီးဝင်းတွင် ကုန်တင်ယာဉ်များ စစ်ဆေးရေးစခန်းဆောက်လုပ်ရေးကိစ္စနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူတို့က ယခင် ကုန်တင်ကုန်ချကားကြီးဝင်း တည်ဆောက်ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်ပြီးရှင်းလင်းတင်ပြကြသည်။

**မောင်ညီညာ(မကွေး)**



# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇွန် ၁၉ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် မိမိအမျိုးအနွယ်၏ အလှအပကို သိရှိသွားသော ဆင်ကလေးပိုပိုအကြောင်းကို အတုယူဖွယ် တင်ဆက်ထားသည့် ကာတွန်းစမ်းချောင်းကိုကိုအောင်၏ "ဆင်ကလေးပိုပို" မျက်နှာဖုံးဇာတ်လမ်း၊ မြန်မာ့ဘယဆေးတစ်မျိုး ဖြစ်သည့် မြင်းခွာရွက်အကြောင်းကို ရေးဖွဲ့ထားသည့် "ကျန်းမာအသက်ရှည်ဖို့ မြင်းခွာရွက်စားသုံးစို့" မိဘကိုလုပ်ကိုင်ကျွေးမွေးပါက မိမိကိုကူညီမည့် သူတော်ကောင်းတို့နှင့် တွေ့ဆုံနိုင်ပုံအကြောင်းကို ပညာပေးတင်ဆက်ထားသည့် "ရိုးသားသောဂုဏ်" နှစ်မျက်နှာကာတွန်း၊ တိရစ္ဆာန်ပင်ဖြစ်သော်လည်း သူတစ်ပါး၏ ကျေးဇူးကိုသိတတ်ကာ ပြန်လည်ကျေးဇူးဆပ်သင့်ကြောင်း သိရှိနားလည်သော မိကျောင်းလေးအကြောင်းကို တင်ဆက်ထားသည့် "ကျေးဇူးသိတတ်ခြင်းရဲ့အကျိုး" ပုံပြင်၊ ကလေးများပေးပို့သော ကာတွန်းများကို ဖော်ပြထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ သူတစ်ပါးအပေါ် ဒေါသဖြင့်ဆက်ဆံခြင်းကြောင့် မိမိရရှိမည့် အခွင့်အရေးများ ဆုံးရှုံးရကြောင်းကို တင်ဆက်ထားသည့် "ဒေါသနှင့် သည်းခံခြင်း" နှစ်မျက်နှာကာတွန်း၊ နာမ်ရှေ့တွဲသုံးစကားများ (Determiner) အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**




❍ စာမျက်နှာ ၂၀ မှ

သည်အကြောင်းအရာမျိုးကတော့ သက်သက် စိတ်ဝင်စားသော အကြောင်းမျိုးမို့ စိတ်ပါလက်ပါ ဝင်ရောက်ဆွေးနွေးဖြစ်သည်။ သက်သက်စကားကို နိုင်လင်းက ခေါင်းခါရင်း

"ကိုယ်လျှောက်ချင်တဲ့လမ်း ကိုယ့်ဘာသာရွေးပြီး လျှောက်လို့ကတော့ လမ်းမှာဘာဖြစ်ဖြစ် ကိုယ့်ရွေးချယ်မှုနဲ့ကိုယ် ဒုက္ခတွေ့တာတောင် ဖြေသာသေးတာပေ့ါ သက်သက်။ သူများရွေးပေးတဲ့လမ်းပေါ်ကို လျှောက်ပြီး စိတ်ကသိကအောက်ဖြစ်ရတဲ့အခါကျတော့ ဘာနဲ့မှကို ဖြေစရာမရှိတော့တာ..."

"ဘာလဲ ကိုနိုင်၊ ဒီအလုပ်က ကိုနိုင် မလုပ်ချင်ဘဲ မမဦးက အတင်းအကျပ်ခိုင်းလို့ လုပ်နေရတာလား"

ခင်မြင့်ဆွေက ဖျတ်ခနဲ တဲ့တိုးကြီး ဝင်မေးချလိုက်သည်။ နိုင်လင်း ပျာပျာသလဲဖြစ်သွားပြီး

" ကျွန်တော် ဒီလိုပြောတာ မဟုတ်ဘူးမဆွေ။ ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ် ဖြစ်ချင်တာလေးတွေ မဖြစ်ရလို့ စိတ်ဓာတ်ကျရတာကို ပြောတာပါ"

" ကိုနိုင်လင်း ကဗျာရေးတာ၊ စာရေးတာ အတော် ဝါသနာပါခဲ့သလား...

" ကျွန်တော် ဝါသနာပါတာက အနုပညာအလုပ်ပါ သက်သက်။ ကဗျာရေးတာ စာရေးတာရယ်လို့ မဟုတ်ဘူး။ အနုပညာ ဝါသနာပါတယ်။ အနုပညာရှင် သိပ်ဖြစ်ချင်ခဲ့တယ်။ ကျွန်တော် ပန်းချီလည်းရေးတယ်။ သီချင်းရေး အဆို၊ အတီး၊ အမှုတ်၊ ဂီတလည်း လုပ်ဖူးတယ်။ ပြဇာတ်တို့ ရုပ်ရှင်တို့ အလုပ်မျိုးလည်း လုပ်ချင်တာပဲ။ တက္ကသိုလ်တုန်းက အနုပညာအသင်းမှာဆို ကျွန်တော်တို့ ခြေရာလက်ရာတွေချည်းပေ့ါ။ အခုတော့ အဲဒါတွေနဲ့ အကုန်ဝေးကုန်ပြီ"

လူတစ်ယောက်အနေနဲ့ကတော့ သက်သက် နိုင်လင်းကို စိတ်ဝင်စားစရာ မရှိ။ ပိန်ပိန်နွဲ့နွဲ့ မဟုတ်သော်လည်း ဖြူသည့်ဘက်လုနေသည့် အသားအရေနှင့် သွယ်သွယ်တောင့်တောင့် ခန္ဓာကိုယ် ပိုင်ရှင်မျိုး ယောကျ်ားတွေ ဒုနဲ့ဒေး၊ ကမ္ဘာပေါ်မှာ အပြည့်ရှိသည်။

ဆံနွယ်လေးများ နဖူးပေါ် ခွေကျလျက်၊ ယောကျ်ားချောချောသော မျက်နှာမျိုးကလည်း တက္ကသိုလ်နယ်မြေထဲမှာပင် ရိုက်သတ်လို့ မကုန်။

သို့သော် ဘဝအတွက် အစစအရာရာ ပြည့်စုံနေသယောင်ရှိနေပါလျက်၊ မလျှောက်ချင်သော လမ်းပေါ် လျှောက်နေရပြီး စိတ်ပျက်အားပျော့စွာဖြင့် အဘိဓမ္မာဒဿနများသာ ထုတ်ယူဆင်ခြင်နေရသော နိုင်လင်း၏ 'ဘဝ'ကိုတော့ အစပထမဦးဆုံးအကြိမ် သက်သက် စိတ်ဝင်စားသွားသည်။

ထိုဒဿနများ ပြောနေစဉ် အခိုက်အတန့်တွင် ရင်မှ ဝေဒနာအငွေ့ဖြင့် ညှိုးရော်သွားသော သူ့မျက်နှာကိုလည်း သက်သက် ပီပီပြင်ပြင် စွဲထင်မှတ်မိသွားသည်။

အထူးသဖြင့် ရီဝေညှိုးငယ်သွားလိုက်၊ တောက်ပကြည်လင်လာလိုက် အပြုံးထဲမှ မဲ့လိုက်၊ အမဲ့ထဲမှ ပြုံးလာလိုက်ဖြစ်နေသော သူ့မျက်လုံးထဲမှ လျှို့ဝှက်ဆွဲအား တစ်ခုကိုလည်း သက်သက် သတိထားမိသည်။

ထိုမျက်လုံးများသည် တစ်ပါးသူ မသိနိုင်သော်လည်း သက်သက်ကောင်းစွာ ကြားနေရသည့် စကားများကို ပြောနေသလား၊ သက်သက်စိတ်၌ ထင်ယောင်သည်။

နိုင်လင်း နှုတ်ဆက်၍ ပြန်သွားပြီးနောက် ညဘက် အဆောင် စကားဝိုင်းအထိ၊ ခင်မြင့်ဆွေနှင့် သက်သက်တို့အကြား ထိုအကြောင်းများ ရစ်ဝဲပဲ့တင်လိုက်ပါလာ၏။

x x x x x

"ဒီနေ့တော့ ကိုနိုင်လင်း အားရပါးရကို ရင်ဖွင့်သွားတာပဲ မမဆွေ။ သက်သက် သနားတောင် သနားသွားသလိုပဲ"

ရာသီဦး၊ ရာသီဝင် အစပိုင်းမို့ မိုးက သည်းသည်းထန်ထန်နှင့် အဆက်မပြတ် မရွာသေး။ ညနေပိုင်းက တစ်ဖွဲ နှစ်ဖွဲသာ မိတ်ဆက်သဘောမျိုး ရွာလိုက်ပြီး ပြန်တိတ်စဲ ခြောက်သွေ့သွားသဖြင့် အဆောင်ရှေ့မှ ဂီတဝိုင်းတော်သားတို့ ထုံးစံမပျက် ဖျော်ဖြေသံများ ကြားနေရသည်။

လက်ဖက်ကလေးကလည်း စစ်ကိုင်းကအပြန် မန္တလေးဝင်၍ လုံလုံလောက်လောက် သယ်ဆောင်လာခဲ့သော လက်ရွေးစင်လေးများမို့ ဇရန်းသားများက နူးညံ့ပြီး ဖန်ချိုဆိမ့်လေးဖြစ်ကာ အရသာ ရှိနေသည်။

သက်သက်အမေးကြောင့် ခင်မြင့်ဆွေက ပါးစပ်ထဲမှ လက်ကျန်လေးများ မျိုချရင်း ပြုံးကာ...

"ဒါကတော့ လောကကြီးမှာ ဒီအတိုင်းပဲ ရှိတတ်တာပဲ၊ သက်သက်ရယ်။ လောကကြီးမှာ ကိုယ်ဖြစ်ချင်တာချည်းပဲကတော့ ဘယ်ဖြစ်မလဲ။ အထူးသဖြင့် မမဦးလို စည်းကမ်းရှိ၊ စနစ်ကြီးတဲ့ မိန်းမမျိုးနဲ့ သူလုပ်ချင်တာမျိုး ပိုမလုပ်နိုင်မှာပေ့ါ။ ဒါပေမဲ့ ဒါက သူ့ကိစ္စနဲ့ သူနေ့ာ်။ သက်သက်က ကြားထဲက ဝင်သနား မနေနဲ့ဦး။ ဒါမျိုးဆိုတာ သနားကောင်းတာ မဟုတ်ဘူး"

သက်သက်က ရယ်သည်။

သက်သက် သနားတယ်ပြောတာက ဒီသဘောပြောတာ မဟုတ်ပါဘူး မမဆွေရဲ့။ သူ ပြောသွားပုံနဲ့ သူ့အမူအရာက တော်တော် အလေးအနက်ခံစားရတဲ့ ပုံစံမျိုး ပြောသွားလို့ စိတ်ထဲကိုယ်ချင်းစာပြီး သနားတယ် ပြောတာပါ။ မမဆွေပြောမှ ပြောမိတဲ့ စကားတောင် လန့်သွားတယ် "

ခင်မြင့်ဆွေက ရယ်သည်။

"မလန့်ပါနဲ့၊ မမဆွေ နောက်တာပါ။ ဒါပေမဲ့ သက်သက်ရယ် သေချာပြန်စဉ်းစားကြည့်တော့လည်း လူကသာ ဒုက္ခရောက်သလေး၊ ဘာလေးနဲ့ ညည်းသွားတာပါ။ သူ့ဒုက္ခမျိုးကျတော့ တို့လည်း ရောက်ရောက်ချင်သေးတော့လို့ လူပြက်တွေပြောသလို ပြောလိုက်ချင်သေးတယ် "

"ဘာဖြစ်လို့လဲ "

"ဘာဖြစ်ရမှာလဲ သက်သက်ရဲ့။ သူ့ဒုက္ခက ဒုက္ခသာဆိုတယ်။ တိုက်နဲ့ကားနဲ့၊ ငွေရေးကြေးရေးဆိုလည်း ပူစရာ မရှိဘူး။ တစ်လ လေးငါးရာရနေတဲ့ အစိုးရအလုပ်ကြီးတောင်ပစ်ပြီး ဒီထက်ဝင်ငွေကောင်းတဲ့ အလုပ်လုပ်နေရတာ ဘာများ ဘဝအတွက် ပူစရာ ပင်စရာရှိလို့လဲ"

"သူ ပြောချင်တာကတော့ လက်ရှိလုပ်နေရတဲ့ အလုပ်တွေကို သူ မလုပ်ချင်ဘဲ လုပ်နေရတာ၊ တကယ် လုပ်ချင်တာက အနုပညာ အလုပ်ဆိုတာကိုး "

"အင်း ကိုနိုင်လည်းရယ်တော့ရယ်ရတယ်သက်သက်ရဲ့။ သူလည်း အရမ်းစိတ်ကူးယဉ်တတ်တဲ့သူပဲ။ ပါးစပ်ကသာ အနုပညာအလုပ်လုပ်ချင်တယ် ပြောနေတာကိုး။ တကယ်ကျတော့လည်း သူကိုယ်တိုင် ဘာတစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက် လုပ်နိုင်တာမှ မဟုတ်ဘဲ။ သူပြောတာ ကြည့်လေ။ စာလည်း ရေးချင်တယ်။ သီချင်းလည်း စပ်ချင်တယ်။ ပန်းချီလည်း ဆွဲချင်တယ်။ ရုပ်ရှင်တို့၊ ပြဇာတ်တို့လည်း လုပ်ချင်တယ် ဆိုတော့ အနုပညာလောကမှာ ဘာကျန်တော့လို့လဲ။ ပန်းပုထုတာနဲ့ ဇာတ်ကဖို့ပဲ ရှိတော့တယ်။ အဲဒါကြောင့် သူဘာမှ မဖြစ်တာ။ ဟိုလိုလို ဒီလိုလိုနဲ့ စိတ်များနေတာနဲ့ ပြီးသွားမှာပဲ"

"ဟုတ်တယ် မမဆွေ။ အမှန်က အဲဒီလို စိတ်ဆင်းရဲနေမယ့်အစား ကိုယ့်အလုပ်လေးကိုယ် စိတ်ဝင်တစား လုပ်နေဖို့ကောင်းတာ၊ လောကမှာ ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရ" ဆိုတဲ့စကားရှိသားပဲ"

ခင်မြင့်ဆွေ ခေါင်းညိတ်သည်။

"ဟုတ်တယ် သက်သက်။ ဆွေဆွေလည်း အဲဒါကို သိပ် မကြိုက်ဘူး။ အထူးသဖြင့် မမဆွေတို့၊ သက်သက်တို့ရှေ့မှာ ဒီလိုလာပြီး မညည်းပြသင့်ဘူး။ မမဦးသာ ပြန်ကြားသွားရင် အဓိပ္ပာယ်ကောက်လွဲသွားနိုင်တယ်။ သူတို့လို လေး၊ ငါး၊ ဆယ်နှစ် ပေါင်းလာတဲ့ လင်မယား မပြောနဲ့။ အခုနေ ကိုအံ့ခိုင်ကြီး ကိုယ့်ကွယ်ရာမှာ ဒါမျိုး တခြားမိန်းကလေးတစ်ယောက်ကို သွားပြောတာကြားရင် ကိုယ်ကတော့ တွေ့တဲ့နေရာလိုက်ပြီး အပြတ်ချဲပစ်မိမှာပဲ"

" အမယ်လေး... လန့်စရာကြီးပါလား မမဆွေရယ်။ ဖြည်းဖြည်းပြောပါ"

ကောင်းကောင်း ပြောနေရာကနေ မဆီမဆိုင် ကိုအံ့ခိုင်ကြီးကိုပါ ဆွဲထည့်ပြီး ဘီလူးကြိမ်း ကြိမ်းလိုက်သဖြင့် သက်သက်ရယ်ပြီး လန့်သွားဟန် မျက်လုံးပြူး၊ ပခုံးတွန့်ရင်း ပြောသည်။ ခင်မြင့်ဆွေက လိုက်ရယ်ပြီး ဆက်ပြောသည်။

"ဟုတ်တယ်။ ယောကျ်ားတွေရဲ့ အကျင့်က တစ်မျိုး။ အသနားကလည်း ခံချင်တယ်။ ပြီးတော့ အပိုတွေ သိပ်ပြော။ အပိုတွေ သိပ်လုပ်ကြတာပဲ သက်သက်ရဲ့"

ထိုအခိုက် အဆောင်ရှေ့မှ အနုပညာအလုပ် ဝါသနာပါသော ပုဂ္ဂိုလ်လေးများထံမှလည်း နားဝင်ပီယံ တေးသံတစ်ပုဒ်လွင့်လာသည်။

"အေဒင်ရယ် x x ချစ်သူရယ် အရိပ်တူ x x အေဒင်မှာ မင်းမရှိရင် x x တေးသံမချို x x ပန်းတွေငို x x နွေမကပူ x x

"သက်သက် အားရပါးရ ရယ်လိုက်မိ၏။

**(ဆက်လက်ဖော်ပြပါမည်။)**

(ဆရာနွှမ်ဂျာသိုင်း၏ "ဒေါင်းယာဉ်ပျံ ဘုံနန်းဘေးမှာ စာရေးလို့ထားချင်တယ် " စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ **စာတည်း**



# ရန်ကုန်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၇**
၂၀၂၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား လေးခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို သုဝဏ္ဏဘောလုံးကွင်း (YTC)၌ ဇွန် ၁၆ ရက် ညနေ ၅ နာရီခန့်က ကျင်းပသည်။

**အနိုင်ရရှိ**

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် တောင်ပိုင်းခရိုင်အသင်းနှင့် အရှေ့ပိုင်းခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီအဖွဲ့ဝင်များက ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲတွင် တောင်ပိုင်းခရိုင်အသင်းက အရှေ့ပိုင်းခရိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲတွင် နေရာအလိုက် အကောင်းဆုံးဆုများရရှိကြသည့် နောက်တန်း၊ အလယ်တန်း၊ ဂိုးသမားနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသူများအား ရန်ကုန်တိုင်းအမျိုးသမီးအားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပထမဆုရရှိသော တောင်ပိုင်းခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုနှင့်အတူ တံခွန်စိုက်ဆုဖလားကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၂) ထွက်ပြီ

**နေပြည်တော် ဇွန် ၁၇**
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် **"သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၂)"** စာအုပ်သည် ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ ရာထူးဝင်စာမေးပွဲများ၊ ပြန်တမ်းဝင်ခွင့်စာမေးပွဲများ ဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် အခြားသိရှိလိုသည့် အချက်အလက်များကို တစုတစည်းတည်း ရှာဖွေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှစတင်ကာ နှစ်စဉ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ပါသည်။

**ထည့်သွင်းဖြည့်စွက်ထား**

ယခု ၂၀၂၂ ခုနှစ်ထုတ်စာအုပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာ ကောက်နုတ်ချက်များ၊ မြန်မာ့ရေးရာနှင့်ပတ်သက်သည့် အချက်အလက်များ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများ၊ သံတမန်ရေးရာ သိမှတ်ဖွယ်ရာများ၊ ကမ္ဘာ့အထွေထွေသိမှတ်ဖွယ်ရာများ၊ ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အခြားသိမှတ်ဖွယ်ရာများနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ထည့်သွင်းဖြည့်စွက်ထားပါသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာ အချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါရှိသည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲဖြေဆိုမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့်စာအုပ်ဖြစ်သဖြင့် အိမ်တိုင်းရှိ စာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့် စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် ဇွန်လ၌ ထုတ်ဝေပြီး တစ်အုပ်လျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့် နေပြည်တော်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ ဖုန်း-၀၆၇-၃၄၁၂၃၇၁ နှင့် စာပေဗိမာန်အရောင်းဆိုင်တို့တွင် လည်းကောင်း၊ ရန်ကုန်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ အမှတ်(၂၈၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၁-၈၂၀၁၉၃၆၊ ၀၁-၈၃၇၁၃၄၀၊ စာပေဗိမာန်အရောင်းဆိုင်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများတွင် လည်းကောင်း ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❒ **ရန်ကုန်မြို့မှ**

ရန်ကုန်ပြည်လမ်း၊ အင်းစိန်လမ်း၊ ဗဟိုလမ်းနှင့် အောက်မင်္ဂလာဒုံလမ်းတို့ရှိ မြေနိမ့်ပိုင်းနေရာများတွင် မိုးရွာသွန်းချိန်၌ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးနှင့် လျော့ပါးသက်သာစေရေးအတွက် အင်းစိန်ဘီအိုစီမှတ်တိုင်မှ အောင်သိဒ္ဓိလမ်းဆုံအထိ၊ ပြည်လမ်း စော်ဘွားကြီးကုန်းလမ်းဆုံမှ သီရိရတနာလမ်းအထိ၊ ဗဟိုလမ်း၊ အင်းစိန်ဘူတာရုံလမ်းထိပ်မှ ရွှေဝါလမ်းမှတ်တိုင်အထိ၊ အောက်မင်္ဂလာဒုံလမ်း၊ ဖော့ကန်ရပ်ကွက်သီရိရတနာလမ်းဆုံအထိ လမ်းရေဆေးခြင်းလုပ်ငန်းများကို လမ်းဆေးစက် City master(hako)ကို အသုံးပြု၍ လမ်းပေါ်ရှိနုန်းသဲများ ရေဆေးရှင်းလင်းခြင်းနှင့် ရေမြောင်းပိတ်ဆို့မှု အမှိုက်များကို ရှင်းလင်းဆောင်ရွက်ကြကြောင်း သိရသည်။

မြေနိမ့်ရပ်ကွက်လမ်းသွယ်များနှင့် လမ်းဆုံများ၌ ရေမြောင်းအတွင်း မျောပါလာသော စွန့်ပစ်အမှိုက်မျိုးစုံကို စက်ယန္တရားများဖြင့် ဆယ်ထုတ်ရှင်းလင်းခြင်း၊ အမှိုက်သိမ်းယာဉ်များဖြင့် သတ်မှတ်အမှိုက်ပုံများသို့ ပြန်လည်စွန့်ပစ်ခြင်းလုပ်ငန်းများကို လူအား၊ စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနေ့ ကျွန်တော်တို့ဆောင်ရွက်တဲ့နေရာတွေဟာ မိုးရွာသွန်းချိန် ရေကြီးရေလျှံဖြစ်ပေါ်တတ်တဲ့ မြေနိမ့်ပိုင်းနေရာတွေဖြစ်ပါတယ်။ ဒီနေရာတွေနဲ့ တစ်ဆက်တည်းမြစ်ထွက်ပေါက် ရေမြောင်းတွေမှာ စွန့်ပစ်အမှိုက်မျိုးစုံ မျောပါလာတာကြောင့် ရေမြောင်းတွေပိတ်ဆို့ပြီး လမ်းမကြီးတွေပေါ်နဲ့ မြေနိမ့်ပိုင်းလူနေရပ်ကွက်တွေမှာ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေဖို့အတွက် အခုလို ကြိုတင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အခုလို မိုးရာသီမှာ မြို့တော်အတွင်း နေ့စဉ်စွန့်ပစ်အမှိုက်တန်ချိန် ၂၆၀၀ ကျော် ပုံမှန်သိမ်းဆည်းလျက်ရှိတဲ့အပြင် ရေမြောင်းတွေအတွင်းမှပါလာတဲ့ စွန့်ပစ်အမှိုက်မျိုးစုံကို လမ်းဆုံနေရာတွေမှာ ထပ်မံသိမ်းဆည်းလျက်ရှိပါတယ်။ ဒါကြောင့် မြို့ပြနေထိုင်သူပြည်သူတွေအနေနဲ့ သတ်မှတ်အမှိုက်စွန့်ပစ်နေရာများမှာ အမှိုက်တွေကို စနစ်တကျပါဝင်ပူးပေါင်းစွန့်ပစ်ကြဖို့ တိုက်တွန်းမေတ္တာရပ်ခံပါတယ်"ဟု မြောက်ပိုင်းခရိုင် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ခရိုင်မှူး ဦးသန်းထိုက်အောင်က ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-စောလှိုင်ဝင်း**

❍ **(၁၉)ကြိမ်မြောက်မှ**

ရွှေ့ဆိုင်းထားသည့် ပြိုင်ပွဲများလည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာလည်း ယခုနှစ်တွင် ကျင်းပရန်မသေချာသေးဘဲ လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့ပါက အားကစားပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ရဖွယ်ရှိနေသည်။ မြန်မာအားကစားအဖွဲ့များအနေဖြင့် လာမည့်နှစ်တွင် အာရှအားကစားပြိုင်ပွဲ၊ အာရှရုံတွင်းနှင့် ကိုယ်ခံပညာပေါင်းစုံအားကစားပြိုင်ပွဲ၊ အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲနှင့် အာဆီယံတက္ကသိုလ်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့များသည် လတ်တလောအနေဖြင့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

**ကိုညီလေး**

# တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့နှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ တွေ့ဆုံပွဲပြုလုပ်

**နေပြည်တော် ဇွန် ၁၇**
ဧရာဝတီတိုင်းဒေသကြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့နှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ တွေ့ဆုံပွဲကို ယနေ့ညနေပိုင်းတွင် ပုသိမ်မြို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက ဘာသာရေးဆိုင်ရာများ ဆွေးနွေးပြောကြားပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကြာအင်းဆိပ်ကြီးမြို့ ဇမိမြစ်အတွင်း ငါးသားပေါက်ကောင်ရေတစ်သိန်း မျိုးစိုက်ထည့်

**ကြာအင်းဆိပ်ကြီး ဇွန် ၁၇**
ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ယနေ့နံနက် ၉ နာရီတွင် ကြာအင်းဆိပ်ကြီးမြို့ ကမ်းနားဆိပ်၌ ဇမိမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ ကြာအင်းဆိပ်ကြီးမြို့တပ်နယ်စစ်ဗျူဟာ(အခြေချ)မှ ဗိုလ်မှူးကြီး အောင်မျိုးထွန်း၊ ကြာအင်းဆိပ်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် အဖွဲ့ဝင်များ၊ ကော့ကရိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစောဖွန်စမိုက်နှင့်ဝန်ထမ်းများ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ရေးကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဇမိမြစ်အတွင်းသို့ ကျုံ့ဒိုးငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီးကောင်ရေ တစ်သိန်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇွန် ၁၇**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။


**မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၇**
မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

**မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မဟာဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်း

















# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၂၂)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ရန်ကုန်မြို့၌ မိုးရာသီကာလ ရေကြီးရေလျှံမှု လျှော့နည်းသက်သာရေး မြောင်းပိတ်ချောင်းပိတ် အမှိုက်များ ရှင်းလင်း

ရန်ကုန်  ဇွန်  ၁၇

ရန်ကုန်မြို့တော် စိမ်းလန်းသာယာသန့်ရှင်းလှပရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ရန်ကုန်စည်ပင်နယ်နိမိတ်ခရိုင်လေးခုတွင် မိုးရွာသွန်းချိန်၌ ရေမြောင်းအတွင်း ရေစီးမှုနှင့်အတူမျောပါလာသော စွန့်ပစ်အမှိုက်မျိုးစုံနှင့် လမ်းမကြီးများပေါ်တွင် တင်ကျန်ခဲ့သော နုန်းသဲများကို နေ့စဉ် နံနက် ၄ နာရီမှ ၁၀ နာရီအထိ စက်ယန္တရားများနှင့်အတူ သန့်ရှင်းရေးဝန်ထမ်းများက သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❒




အောက်မင်္ဂလာဒုံလမ်းနှင့် သီရိရတနာလမ်း ရေမြောင်းအတွင်းမှ ဆယ်ထားသည့် အမှိုက်များအား သယ်ယူရှင်းလင်းနေကြစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

**အိန္ဒိယနိုင်ငံ၏ Biological E ဆေးဝါးကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၉၀ ရာခိုင်နှုန်း ထိရောက်နိုင်ခြေရှိ**

စာမျက်နှာ » ၁၃

- - - - - - - - - - - - - - - - -

**အကြမ်းဖက်သူများက စိန်ရွှေကုန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအတွင်းသို့ ဝင်ရောက်ကာ ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဖတ်စာအုပ်များ မီးရှို့ဖျက်ဆီး**

စာမျက်နှာ » ၁၄

- - - - - - - - - - - - - - - - -

**မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမကျေးရွာ၌ မီးလောင်ခဲ့မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်အား သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၅

- - - - - - - - - - - - - - - - -

ဆရာနွမ်ဂျာသိုင်း၏ အခန်းဆက်ဝတ္ထုရှည်

**ဒေါင်းယာဉ်ပျံဘုံနံဘေးမှာ စာရေးလို့ထားချင်တယ်**

စာမျက်နှာ » ၂၀

# ရီးယဲလ်မက်ဒရစ်အသင်းနဲ့ လမ်းခွဲတော့မယ့် ရာမို့စ်




နောက်တန်းကစားသမား ရာမို့စ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ၁၆ နှစ်ကြာ လက်တွဲခဲ့ပြီးချိန်မှာ ဘာနေဗျူးကနေ ထွက်ခွာတော့မှာဖြစ်တယ်လို့ သိရပါတယ်။

**ရယူဆွတ်ခူးပေးနိုင်ခဲ့**

အသက် ၃၅ နှစ်အရွယ်ရှိ စပိန်နောက်တန်းကစားသမား ရာမို့စ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ စပိန်လာလီဂါဖလားချန်ပီယံဆုဖလားကို ငါးကြိမ်၊ ဥရောပဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပတဲ့ ချန်ပီယံလိဂ်ဆုဖလားကို လေးကြိမ် ရယူဆွတ်ခူးပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ဒ့ါပြင် နောက်တန်းကစားသမားရာမို့စ်အနေနဲ့ ရီးယဲလ်မက်ဒက်အသင်းကို ရောက်ရှိလာချိန်ကတည်းကစပြီး လက်ရှိအချိန်အထိ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ပွဲစဉ်စုစုပေါင်း ၆၇၁ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၁၀၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ နောက်တန်းကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

ဒါပေမယ့် နောက်တန်းကစားသမား ရာမို့စ်ရဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖

# မြန်မာနောက်ခံလူ ဇော်မင်းထွန်း ထိုင်းကလပ် ထရတ်အသင်းသို့ ပြောင်းရွှေ့




ရန်ကုန်  ဇွန်  ၁၇

မြန်မာနောက်ခံလူ ဇော်မင်းထွန်းသည် ထိုင်းလိဂ်-၂ ကလပ် ထရတ်အသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်ပြီး ဇွန် ၁၇ ရက်က အပြီးသတ်စာချုပ် ချုပ်ဆိုခဲ့သည်။

**အသင်းသစ်ရှာဖွေခဲ့**

ဇော်မင်းထွန်းသည် ၂၀၂၀-၂၀၂၁ ရာသီအပြီးတွင် ဆူခိုထိုင်းအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီး သက်တမ်းမတိုးသဖြင့် အသင်းသစ်ရှာဖွေခဲ့ခြင်းဖြစ်သည်။ ဇော်မင်းထွန်းကို ခေါ်ယူရန် ထိုင်းကလပ်များစွာနှင့် မလေးရှားကလပ်အသင်းတို့က ကြိုးပမ်းခဲ့သော်လည်း နောက်ဆုံးတွင် ထရတ်အသင်းနှင့် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။ ဇော်မင်းထွန်းသည် ၂၀၁၉ ခုနှစ်တွင် ထိုင်းကလပ်အသင်းများသို့ စတင်ပြောင်းရွှေ့ခဲ့ပြီး ၂၀၁၉ ရာသီတွင်

စာမျက်နှာ ၁၉ ကော်လံ ၃ သို့ ■

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည်

ရန်ကုန်  ဇွန်  ၁၇

မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ကျင်းပသွားရန် အာရှအိုလံပစ်ကောင်စီက စီစဉ်ထားသည်။ ယင်းပြိုင်ပွဲကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ဟန်ကျိုးမြို့၌ ပြုလုပ်သွားမည်ဖြစ်သည်။

**တတိယအကြိမ် လက်ခံကျင်းပ**

တရုတ်နိုင်ငံအနေဖြင့် အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် သုံးကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၀ ပြည့်နှစ်တွင် လက်ခံကျင်းပပြီးနောက်ပိုင်း တတိယအကြိမ် လက်ခံကျင်းပခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ် အာရှအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၀ ရက်မှ ၂၅ ရက်အထိ ကျင်းပရန် စီစဉ်ထားပြီး အားကစားနည်း ၄၀ ထည့်သွင်းကျင်းပရန် လျာထားကာ အားကစားနည်းအချို့ အပြောင်းအလဲဖြစ်ဖွယ်ရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း ယှဉ်ပြိုင်မည့် အားကစားနည်းများ မရွေးချယ်ရသေးကြောင်း သိရသည်။ လာမည့်နှစ်တွင် မြန်မာအားကစားအဖွဲ့အနေဖြင့် ယှဉ်ပြိုင်ရမည့် အားကစားပြိုင်ပွဲများစွာ ရှိနေပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လာမည့်နှစ်သို့

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ○